မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂၃ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ရုံးပရဝဏ်နှင့် ရုံးပတ်လည်တို့၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင်၊ ကုက္ကိုပင်၊ မဟော်ဂနီပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် အပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့် သစ်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ကုက္ကို၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်းကြီး၊ ပိတောက်နှင့် ရေတမာပင် စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Marubeni Corporation ရန်ကုန်ရုံးခွဲမှ General Manager, Mr. Takayoshi Nakao လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမှ ကြေးနီနှင့် ခဲမဖြူသတ္တုစင်များ ဝယ်ယူရေးနှင့်
ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၂၂

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Marubeni Corporation ရန်ကုန်ရုံးခွဲမှ General Manager, Mr. Takayoshi Nakao သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံမှ ကြေးနီသတ္တုစင်များ၊ ခဲမဖြူသတ္တုစင်များ ဝယ်ယူရရှိရေး၊ ရေရှည်တွင် ကြေးနီသတ္တု၊ ခဲမဖြူသတ္တုထုတ်လုပ်နေသည့် ပြည်တွင်း ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်ပြီး သိရှိလိုသည် များကိုဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေ၊
စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များပေးအပ်

နေပြည်တော် ဇွန် ၂၂

ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေ၊ စားသောက်ကုန် ပစ္စည်းများနှင့် အဝတ်အထည်များအား နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန (ရုံးချုပ်)၌ လာရောက်လှူဒါန်းလျက်ရှိသည်။

ဇွန် ၁၉ ရက်တွင် ဦးဇော်မင်းဝင်း - ဒေါ်နန်းအောင် (မိသားစု)က အလှူငွေကျပ် တစ်သိန်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အလှူငွေကျပ်တစ်သိန်း ခုနစ်သောင်းရှစ်ထောင့်ငါးရာနှင့် ငွေကျပ်နှစ်သိန်းနှစ်သောင်း ခြောက်ထောင့်ငါးဆယ်တန်ဖိုးရှိ အဝတ်အထည်၊ ဦးထုပ်နှင့် ခေါက်ဆွဲခြောက်များ၊ ဦးသော်ဇင်၊ ဦးနေဝင်း၊ ဦးတင်မိုးဝင်းနှင့် ဦးအောင်အောင်တို့က အလှူငွေကျပ် ငါးသောင်း ငါးထောင်၊ ဇွန် ၂၀ ရက်တွင် ဗိုလ်မှူးကြီးအေးကို(ငြိမ်း) - ဒေါ်လှလှအေး(မိသားစု)က အလှူငွေကျပ် ငါးသိန်း၊ ဒေါ်လှိုင်မေကြူက အလှူငွေကျပ် ငါးသောင်း၊ ဇွန် ၂၁ ရက်တွင် ဒေါ်မမလေး (လက်ထောက်ကထိက)(ငြိမ်း) စက်မှုလက်မှုသိပ္ပံ (အင်းစိန်/တောင်ငူ)က အလှူငွေကျပ် ငါးသိန်း၊ သပြေကုန်း(ကုန်စိမ်းဈေး) ဈေးသူဈေးသားများက ငွေကျပ် ၁၂ သိန်း ခုနစ်သောင်း ရှစ်ထောင့်ငါးရာ တန်ဖိုးရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့်၊ ကော်ဖီမှုန့်၊ ဖိနပ်နှင့် အဝတ်အထည်များ၊ ဇွန် ၂၂ ရက်တွင် ဆရာတော် ဦးနန္ဒမာလာ ဓမ္မာစရိယ ပရိယတ္တိစာသင်တိုက်၊ မစိုးရိမ် ရပ်ကွက် ပျဉ်းမနားမြို့က ငွေကျပ် လေးသိန်းတန်ဖိုးရှိ ကျားလုံချည်နှင့် မလုံချည်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန ဆရာ ဆရာမများက အလှူငွေကျပ် သုံးသောင်း၊ အဝတ်အထည်မျိုးစုံနှင့် ဆေးတစ်ပုံး၊ မကြီး(မိသားစု)က အလှူငွေကျပ် တစ်သောင်း၊ မြတ်ပန်းတော်ဝင်မိသားစုက

စာမျက်နှာ ၇ ကော်လံ ၅ ❖

စပျစ်စိုက်ပျိုး ဝင်ငွေတိုးနေသော
ရမည်းသင်းမြို့မှ ရွာတန်းဆီသို့

သတင်းခရီးသည် - ဝင်းကျော် ➢ ဓာတ်ပုံမှတ်တမ်း - ကျော်သူဝင်း(မြန်မာ့အလင်း)

ရမည်းသင်း ဇွန် ၂၂

ရမည်းသင်းမြို့နယ်မှ စပျစ်အများအပြား စိုက်ပျိုးထွက်ရှိသည်ဟု သတင်းကြားရသည့် ‘ရွာတန်း’ဟု ဒေသခံတို့ခေါ်ဝေါ်ကြသောနေရာလေးသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ ထို ‘ရွာတန်း’ ဆိုသည်မှာ ရွာပေါင်း ၂၄ ရွာ ဆက်စပ်တည်ရှိနေသဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။

စပျစ်စိုက်ပျိုးသည့်ခြံများကို အများအပြားတွေ့ရသည်။ ခြောက်ပေ အမြင့်ခန့်ရှိသည့် စင်များပေါ်၌ အရွက်စိမ်းစိမ်းများကြားမှ စပျစ်သီးများ အခိုင်လိုက်အခိုင်လိုက် သီးနေသည်ကို ကြည့်ရသည်မှာ အားရစရာကောင်းလှသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

စပျစ်ပင်များ စိုက်ပျိုးထားသည်ကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကယ်လီဖိုးနီးယား၌ တစ်နှစ်တာအကောင်းဆုံး ရုပ်မြင်သံကြားဆုများချီးမြှင့် စာ-၅

ကိုယ်ပိုင်ကား စီးနိုင်သူများ တိုးပွားလာတော့မည် စာ-၆



စီရိုနယ်ဒို၏ အနိုင်သွင်းဂိုးဖြင့် ပေါ်တူဂီတို့ ဆီမီးတက်ပြီ စာ-၁၁

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၂၃ ရက်)

လျှပ်စစ်အန္တရာယ် သတိပြုကာကွယ်

မီးကိုသုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဟုဆိုကြ၏။ ထိုနည်းတူစွာပင် လျှပ်စစ်သည်လည်း သုံးတတ်လျှင် လူတို့အတွက် များစွာအကျိုးပြုသည့် မိတ်ဆွေဖြစ်ပြီး မသုံးတတ်ပါက ရန်သူပင်ဖြစ်၏။ လျှပ်စစ်သည် အသုံးမတတ်လျှင် အသက်အန္တရာယ်ကြီးမားလှ၏။

လျှပ်စစ်ကို အန္တရာယ်ရှိမှန်းသိကြသော်လည်း အချို့မှာမူ ပေါ့ပေါ့တန်တန်သုံးစွဲနေကြ၍ မမျှော်လင့်ဘဲ အသက်အန္တရာယ်ဆုံးရှုံးကြရ၏။ လျှပ်စစ်အန္တရာယ်သည်ကား ပေါ့ပေါ့တန်တန် သဘောမထားသင့်ပေ။ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီဆိုသော စကားကဲ့သို့ လျှပ်စစ်အန္တရာယ်ကို ပေါ့ပေါ့တန်တန် သဘောထား သုံးစွဲကြသဖြင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဓာတ်လိုက်သေဆုံးကြရ၏။

ယခုအခါ လျှပ်စစ် သုံးစွဲသူအချို့သည် လျှပ်စစ်ဓာတ်အားကို တရားမဝင်သွယ်ယူသုံးစွဲမှုများကြောင့် လျှပ်စစ်ကိုင်တွယ်မှု မကျွမ်းကျင်သဖြင့် ဓာတ်လိုက်သေဆုံးလျက်ရှိကြောင်း သိရသည်။ လျှပ်စစ်သည် ကျွမ်းကျင်စွာမကိုင်တွယ်တတ်လျှင် ဓာတ်လိုက်နိုင်၏။ ဓာတ်အားသုံးစွဲကြလိုသူများအနေဖြင့် မြို့နယ်လျှပ်စစ်ရုံးများတွင် တရားဝင်မီတာများ လျှောက်ထားပြီး ဓာတ်အားသုံးစွဲသင့်ပေသည်။

မိမိတို့နေအိမ်များ၌ အသုံးပြုသောလျှပ်စစ်ပစ္စည်း၊ ဝိုင်ယာကြိုး၊ မီးခလုတ်တို့ကို တပ်ဆင်အသုံးပြုလိုပါက အရည်အသွေးကောင်းမွန်သော ပစ္စည်းများကိုသာသုံးစွဲသင့်၏။ အရည်အသွေးမကောင်းသော လျှပ်စစ်ပစ္စည်းများကြောင့် ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားတတ်၏။ နေအိမ်လျှပ်စစ်သွယ်တန်းမှုကို ကျွမ်းကျင်သော လျှပ်စစ်ဝန်ထမ်းများနှင့်သာ ဆောင်ရွက်သင့်၏။

လူအများစုသည် နေ့စဉ်လျှပ်စစ်ကို မဖြစ်မနေသုံးစွဲနေကြရ၏။ လျှပ်စစ်ကိုပေါ့ပေါ့တန်တန် သဘောမထားသင့်ပါ။ ရေစိုနေသောလက်ဖြင့် မီးခလုတ်များဖွင့်၊ ပိတ်ခြင်းမပြုလုပ်သင့်ပါ။ ရုတ်တရက် လျှပ်စစ်မီးပြတ်တောက်သွားပါက အသုံးပြုဆဲလျှပ်စစ်မီးပူ၊ ဟော့ပလိတ်၊ ကွိုင်၊ လျှပ်စစ်ရေနွေးအိုးတို့ကို မီးခလုတ်ပိတ်ရန်မမေ့ပါနှင့်။ မီးပြန်လာသည့်အခါ မသိလိုက်၍ အပူလွန်ကဲပြီး မီးလောင်မှုများဖြစ်ပွားနိုင်ပါသည်။

စက်ရုံ၊ အလုပ်ရုံတို့၌ လျှပ်စစ်ကိုဘေးအန္တရာယ်ကင်းစွာ အသုံးပြုသင့်ပေသည်။ အထူးသဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုလုပ်ကိုင်ရသော လုပ်ငန်းများ၌ လျှပ်စစ်အန္တရာယ်ကို ပိုမိုသတိပြုသင့်ပေသည်။ အသုံးပြုနေသော လျှပ်စစ်ပစ္စည်းမှတစ်ဆင့်ရှော့ခ်ဖြစ်ပြီး မမျှော်လင့်ဘဲ ဓာတ်လိုက်မှုဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ လျှပ်စစ်အသုံးပြုသူ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားရယူသုံးစွဲရာတွင် စနစ်တကျကိုင်တွယ်အသုံးပြုရန် လိုအပ်ပေသည်။ လျှပ်စစ်အန္တရာယ်ကို ပေါ့ပေါ့တန်တန်သဘောမထားသင့်ပါ။ နေအိမ်များလျှပ်စစ်သွယ်တန်းလိုလျှင်ဖြစ်စေ၊ ပြုပြင်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့်သာ ဆောင်ရွက်သင့်ပါသည်။ လျှပ်စစ်သုံးစွဲသူများ မလိုလားအပ်သော လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် သတိပြုကာကွယ်နိုင်ပါရန် ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုး၊ ဦးမိုးကျော်နှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်တို့အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ သံအမတ်ကြီး H.E Mr.Chu Cong Phung၊ ဗီယက်နမ်နိုင်ငံ Association of Vietnamese Investors in Myanmar (AVIM) ဥက္ကဋ္ဌ Mr. Tran Bac Ha နှင့် အဖွဲ့တို့သည် ဇွန် ၁၄ ရက် နံနက်ပိုင်းက အသင်းချုပ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ အခွင့်အလမ်းများအား အသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးမိုးကျော်က ရှင်းလင်းတင်ပြပြီး နှစ်နိုင်ငံ လုပ်ငန်းရှင်များအကြားကိစ္စ၊ မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်း၊ ဓာတ်မြေဩဇာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ၄/က ရပ်ကွက် ဓမ္မဝိဟာရကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပညာသင်ကြားနေကြသော နယ်စပ်ဒေသများနှင့် အမြို့မြို့အနယ်နယ်မှ ကျောင်းသား ကျောင်းသူ ၃၀၀ကျော်တို့အတွက် စာရေးကိရိယာများနှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဇွန်၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အမှာစကားပြောကြားပြီး အလှူရှင် ဟာဂျီ ဦးတင်ရွှေ (ပိုလို) နှင့် ဟာဂျီဦးသိန်းဝင်းတို့က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တန်ဖိုးငွေကျပ် ၄၆၀၀၀၀ရှိ ကျောင်းသုံးစာရေး ကိရိယာများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်လှူဒါန်းကြပြီးနောက် ထာဝရ ပညာရေးငွေပဒေသာပင် ငွေကျပ် ၃၄၆၀၀၀ကို စိုက်ထူလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(၀၂၅)**

သစ်ပင်စိုက်ပျိုးပွဲ မင်းဘူး၌ ကျင်းပ

မင်းဘူး ဇွန် ၂၂

မင်းဘူးမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက် ၇ နာရီက မင်းဘူးဘူတာအနီး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအိမ်ခေါ်ဆောင်(၆)၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင် အင်အား ၅၀၀ ခန့်က ပျိုးပင် ၅၄၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်သစ်တော)

နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ ဇွန် ၂၀ ရက် နံနက် ၉ နာရီက အမှတ်(၈) ရပ်ကွက်ပြည်သူများအား မိုးပွင့်အဆင့်(၃)အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ မြို့နယ်ဦးစီးဌာနမှူး ဦးစက်ရွှေနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးလှသိန်းနှင့်တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီးနယ်စပ်နှင့်လုံခြုံရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးရဲထွန်းဦး၊ အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးဝင်းခိုင်တို့လာရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် လဝက)

စာစီစာကုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်တွင် ဇွန် ၁၅ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင်နှင့် အဖွဲ့ဝင်များ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော မြန်မာအမျိုးသမီးထုစွမ်းဆောင်မှု တိုင်းကျိုးပြည်ပြု အစဉ်ရှေးရှုခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသူများအားလာရောက်အားပေးပြီးနောက် မြန်မာစာဌာနသို့ အလှူငွေကျပ် ၅၀၀၀၀ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဟောပြော

ကော့ကရိတ် ဇွန် ၂၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဟောပြောပွဲကို ဇွန် ၁၄ ရက်က အထက(၂) ကော့ကရိတ်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ထွန်းအောင် **(အပေါ်ပုံ)**က မူးယစ်ဆေးဝါးသမိုင်းကြောင်းကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ် မူးယစ်အထူးအဖွဲ့တာဝန်ခံ ရဲအုပ်မျိုးဝင်းက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးစောစံညိုနှင့် ဥပဒေအရာရှိ ဦးဂိုရင်တို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဇော်တင့်ကြိုင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သော သီကောင်းစရာများအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ထွေ/အုပ်)

စာကြည့်တိုက်သို့ စာအုပ်စာစောင်လှူဒါန်း

မော်လမြိုင်ကျွန်း ဇွန် ၂၂

မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော်ညောင်လန်းကျေးရွာအုပ်စု ကညင်တပင်ကျေးရွာရှိ မိုးသောက်ပန်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးသိန်းနိုင်-ဒေါ်အုန်းကျင်မိသားစု၊ ဦးဝင်းကြည်-ဒေါ်ကြင်ဝင်းမိသားစုနှင့် စာပေဝါသနာရှင်များ စုပေါင်းလှူဒါန်းသော သုတရသနှင့် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံအုပ်ရေ ၁၆၆၃ အုပ်တို့ကို အလှူရှင်များကိုယ်စား ဦးဟုတ်ကြိုင်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်နီနီဝင်းက လက်ခံယူသည်။ အဆိုပါစာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်သောင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(၀၆၅)**

ကျိုင်းတုံမြို့နယ်၌ ကျောင်းဝတ်စုံပေးအပ်

ကျိုင်းတုံ ဇွန် ၂၂

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးရှိ ပျံကျဈေးသည်၊ အနေ့းယာဉ်မောင်းများ၏ ကျောင်းနေအရွယ် သားသမီးများအား ကျောင်းဝတ်စုံပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းက ပျံကျဈေးမှ ဈေးသူဈေးသား ပျံကျဈေးသည်များ၏ ကျောင်းနေအရွယ် သားသမီး ၄၉ဦးအား ကျောင်းဝတ်စုံတစ်စုံစီ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လှိုင်းဘွဲ၌ ဘဏ်ချေးငွေထုတ်ချေး

လှိုင်းဘွဲ ဇွန် ၂၂

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးထွန်းထွန်းဦး **(အပေါ်ပုံ)**နှင့် ဝန်ထမ်းများက ပါတ်ကျောကျေးရွာအုပ်စုမှ တောင်သူ ၅၈ ဦးအား ၂၀၁၂ မိုးရာသီဘဏ်ချေးငွေများကို ဇွန် ၁၅ ရက်က စပါးတစ်ကေလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ချေးငွေကျပ် ၂၃၁၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်းသိရှိရသည်။ **(မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်)**

ရွှေကျင်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေကျင် ဇွန် ၂၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ရွှေကျင်မြို့ ဂန့်ဂေါ်ဝိုင်းရပ်ကွက် ဗိုလ်စောအောင်ပန်းခြံအနီး မြေနေရာ၌ ဇွန် ၁၅ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံသိန်းတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ပျိုးပင်များ ဖြန့်ဝေပေးအပ်သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်နှင့် သစ်မာပျိုးပင်ပေါင်း ၇၀၀ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် သစ်တော)**

❖ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသတင်းမှ

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ ဇနီးဒေါ်ကြည်ကြည်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဆုရဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုက်တွန်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားကိုးရမည့် ပညာ၊ နည်းပညာတတ်မြောက်မှုမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် ယခင်နှစ်ကလုပ်ငန်းတာဝန်(၁၂)ရပ် ချမှတ်ပြီး လုပ်ငန်းဆောင်ရွက်စေခဲ့ရာတွင် ခြိုင့်သုံးသပ်ပါက အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ချမှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်များကိုလည်း ယခင်နှစ်ကထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ Reform Strategy နှင့်အညီ မိမိတို့ဝန်ကြီးဌာနက ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အလားတူ ကျန်လုပ်ငန်းဌာနများအနေဖြင့်လည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေသားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ရာ ဌာနဆိုင်ရာအကြီးအကဲများက လက်ခံကြသည်။

ဆုပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ် ရရှိကြသည့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဌာနဆိုင်ရာ အကြီးအကဲများက ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် စံပြစက်ရုံဆုရရှိသော နေပြည်တော် ပုံနှိပ်စက်ရုံနှင့် ကဏ္ဍအလိုက်ဆုရရှိကြသည့် ပုံနှိပ်စက်ရုံများအတွက် ဆုများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများနှင့် ဌာနခွဲ (၆)ခုမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော စံပြဝန်ထမ်းများ၊ ပုံနှိပ်စက်ရုံ(၇)ခုမှ ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် စံပြဝန်ထမ်းများ၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးထူးချွန်ဆုရ ဝန်ထမ်းများအား ထူးချွန်ဆုများချီးမြှင့်ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် မတည်ငွေများကို ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသူသုံးဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၂ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၁၆ ဦး စုစုပေါင်းထူးချွန်ဆုရ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၄၀ အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၇၃၀၀၀၀၊ ပညာသင်ထောက်ပံ့ကြေးအနေဖြင့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ မူလတန်း ၁၀၅၃ ဦး၊ အလယ်တန်း ၈၄၃ ဦး၊ အထက်တန်း ၅၅၇ ဦး၊ တက္ကသိုလ်/ကောလိပ်/သိပ္ပံ ၆၄၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀၉၄ ဦးတို့အတွက် ထောက်ပံ့မှုငွေကျပ် ၉၄၉၇၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၂၂၇၀၀၀ ချီးမြှင့်ခဲ့ပြီး ကျောင်းသုံးဗလာစာအုပ် ၅၉၂၁ ဒါဇင်၊ ပြည်ထောင်စုဝန်ကြီးက ဗလာစာအုပ် ၇၀၂ ဒသမ ၅ ဒါဇင် စုစုပေါင်း ဗလာစာအုပ် ၆၆၂၃ ဒသမ ၅ ဒါဇင် ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးတစ်ဦးအား ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဇွန် ၂၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ဝန်ထမ်းသားသမီးဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ၂၀၁၁-၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းတို့နှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်ကောင်းစံဟိန်း၊ မတိုးကေရီလှိုင်နှင့် မောင်တင်ထူးအောင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးတင့်က ငါးဘာသာဂုဏ်ထူးရှင် လေးဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်လွင်က လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ကိုးဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ၂၅ ဦးတို့အား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနေ သားသမီးများ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ရာ ဝန်ကြီးရုံးအတွက် ရုံးအဖွဲ့မှူး ဦးကျော်ဝင်းက လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး) ဦးကြည်ဝင်းဦးကလည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအတွက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းကလည်းကောင်း လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ယနေ့အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၃၁ ဦး၊ ရိုးရိုးအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၂၀၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၃၉ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူအခြေစိုက် အမေရိကန်ဥပဒေရေးရာလုပ်ငန်းမှ ဥပဒေအကြံပေး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား စင်ကာပူအခြေစိုက် အမေရိကန် ဥပဒေရေးရာလုပ်ငန်း MILBANK, TWEED, HADLEY & McCLOY LLP မှ ဥပဒေအကြံပေး Ms. Jacqueline Chan သည် ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး သံတမန်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** မြန်မာနိုင်ငံ၌ ကျင့်သုံးလျက်ရှိသည့် ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဇွန် ၁၇ ရက်က မအူပင်မြို့နယ် ဘိုးဘွားရိပ်သာဝင်းအတွင်း တည်ထားကိုးကွယ်သော နဂါးရုံဘုရားအတွက် အလှူငွေပေးအပ်ပွဲကို ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ဒေါ်ခင်မာဦးအား ရည်စူး၍ ဦးစိုးဝင်းမိသားစုက ငွေကျပ် ၁၀ သိန်းကို ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဝ၆၈)

သစ်ပင်စိုက်ပါ နို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဟန်းဆက်အမြင့်များ ရောင်းအားပိုလာ

သတင်းမှတ်စု နှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဇွန် ၂၂

"အင်တာနက်လိုင်းတွေ ဖွင့်ပေးလာတော့ အင်တာနက်ကနေ ပြည်တွင်း ပြည်ပသတင်းတွေကို ကြည့်လိုတဲ့သူတွေက ဟန်းဆက်အမြင့်တွေကို ဝယ်လာကြတယ်ဗျ"ဟု ရန်ကုန်မြို့လယ်လမ်းမကြီးပေါ်က ဟန်းဆက်များနှင့် ကင်မရာများရောင်းသော ဆိုင်ကြီးတစ်ဆိုင်မှ ပိုင်ရှင်က ဆိုပါတယ်။ ဆက်သွယ်ရေးက ဖုန်းတွေကို ပေါပေါများများနဲ့ လွယ်လွယ်ကူကူ ဝယ်ယူခွင့်ချပေးလာတဲ့အတွက် ဟန်းဆက်တွေလိုလာပါတယ်။ ဟန်းဆက်အရောင်းဆိုင်သစ်တွေကိုလည်း ဟိုနေရာတစ်ဆိုင် ဒီနေရာတစ်ဆိုင်နဲ့ တိုးချဲ့ဖွင့်လှစ်ရောင်းချလာတာကိုလည်း သတိထားမိလာပါတယ်။ ဒါ့အပြင် အနော်ရထာလမ်းပေါ် (ပန်းဆိုးတန်းလမ်းနဲ့ ရွှေဘုံသာလမ်းအကြား) လမ်းဘေးတစ်လျှောက်မှာလည်း ဗန်းလေးတွေနဲ့ခင်းပြီး ရောင်းချလာသည်အထိကို ဟန်းဆက်တွေ ပေါပေါများများ မြင်တွေ့နေရပါတယ်။

"ပုံမှန်အသုံးပြုလိုသူများအတွက်ကတော့ ကျပ်သုံးလေးသောင်းလောက်ဆို အမျိုးအစားအသင့်အတင့်တွေရတယ်။ ဟန်းဆက်ရောင်းအားတွေထဲမှာ အမြင့်ပိုင်းဟန်းဆက်တွေက ယနေ့ဈေးကွက်ထဲမှာ ရောင်းအားအကောင်းဆုံး ဖြစ်နေပါတယ်။

ယနေ့ လူငယ်တွေက အင်တာနက်နဲ့ချိတ်ဆက်သုံးဖို့ ဟန်းဆက်အမြင့်တွေကို ပြောင်းလဲဝယ်သုံးလာကြတယ်"ဟု ဆိုင်ရှင်ကဆိုပါတယ်။ အင်တာနက်ချိတ်ဆက်အသုံးပြုလိုသူတွေအတွက်ကတော့ ဟန်းဆက်အမြင့်များ လိုအပ်လာပါတယ်။ လက်ရှိအသုံးပြုနေတဲ့ ဟန်းဆက်တွေနဲ့ ချိတ်ဆက်လို့လည်း မရနိုင်တာကြောင့် ဟန်းဆက်အမြင့်တွေ ပြောင်းလဲသုံးလာတာကို တွေ့မြင်နေရပါတယ်။

ဟန်းဆက်အမြင့်တွေ (အင်တာနက်ချိတ်ရဲ့)ဆိုပါက ငွေကျပ် တစ်သိန်းကျော်၊ နှစ်သိန်းဝန်းကျင်ဆိုပါက အသုံးပြုလို့ရကြောင်း သိရပါတယ်။ ယနေ့ ဟန်းဆက်အမြင့်ဝယ်သူများအကြိုက်က Sony Ericsson များနှင့် Samsung Galaxy တွေဖြစ်ကြောင်း ဟန်းဆက်ဈေးကွက်သတင်းတစ်ပုဒ်အဖြစ် ရေးသားဖော်ပြလိုက်ရပါတယ်။



Sony Ericsson ဟန်းဆက်တစ်လုံး။

မြန်မာ့အလင်း နေ့စဉ်ထုတ်နိုင်ငံတကာသတင်း

နေစွမ်းအင်သုံးစက်ရုံသုံးရုံ ဂျပန်နိုင်ငံအနောက်ပိုင်း၌ တည်ဆောက်မည်



အိုဆာကာ ဇွန် ၂၂

ဂျပန်နိုင်ငံအနောက်ပိုင်းရှိ စီရင်စုသုံးခုတွင် နေစွမ်းအင်ထုတ်ယူမည့် စက်ရုံကြီးသုံးရုံကို ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး ဓာတ်ငွေ့ကုမ္ပဏီဖြစ်သည့် အိုဆာကာဓာတ်ငွေ့ ကော်ပိုရေးရှင်းက တည်ဆောက်မည်ဖြစ်ကြောင်း ဇွန် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖြည့်ဆည်းပေး

အဆိုပါနေစွမ်းအင်ထုတ်ယူမည့် စက်ရုံများ (ဝဲပုံ)ကို ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာဝါကာယာမာနှင့် အိုကာယာမာစီရင်စုများတွင် တည်ဆောက်သွားမည်ဖြစ်သည်။ ၎င်းနေစွမ်းအင်စက်ရုံများမှနေ၍ ဓာတ်အား ၃ ဒသမ ၅ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည်ဖြစ်ရာ နေအိမ်ပေါင်း ၉၁၅ အိမ်ကို ဓာတ်အားအလုံအလောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

အိုဆာကာဓာတ်ငွေ့ကော်ပိုရေးရှင်းသည် ယင်းစက်ရုံများကို အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၆ သန်းအကုန်အကျခံကာ တည်ဆောက်မည်ဖြစ်သည်။ လာမည့်နှစ် မတ်လမှစတင်ကာ ၎င်းစက်ရုံများမှ ဓာတ်အားများကို စတင်ဖြန့်ဖြူးပေးနိုင်ရန် တည်ဆောက်သွားမည်ဖြစ်သည်။ နေစွမ်းအင်သုံးစက်ရုံများမှထွက်ရှိသောဓာတ်အားများကို ကျိုတိုမြို့အထိဖြန့်ဖြူးပေးပို့နိုင်ရန်လည်း စီစဉ်ထားသည်။ အိုဆာကာဓာတ်ငွေ့ကော်ပိုရေးရှင်းသည် ကနေဒါနိုင်ငံ အွန်တာရီယွန်ပြည်နယ်တွင်း၌လည်း နေစွမ်းအင်သုံးစက်ရုံများတည်ဆောက်ပေးရန် အမှာစာများ ရရှိထားသည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးလေကြောင်းလိုင်း အေ-၃၈၀ ခရီးသည်တင်လေယာဉ်သစ်များ ဝယ်ယူမည်

မော်စကို ဇွန် ၂၂

ရုရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးလေကြောင်းလိုင်းဖြစ်သည့် ထရန်ဆီရိုလေကြောင်းလိုင်းသည် ခရီးသည်တင် အေ-၃၈၀ ဂျက်လေယာဉ်များနှင့် ဆူခွိုင်းစူပါဂျက်လေယာဉ်များကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံဖိုးဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ထရန်ဆီရိုလေကြောင်းလိုင်းအရာရှိများက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

လတ်တလောအချိန်တွင် အေ-၃၈၀ အမျိုးအစားဂျက်လေယာဉ် **(အပေါ်ပုံ)** လေးစင်းနှင့် ဆူခွိုင်းစူပါဂျက်လေယာဉ်ခြောက်စင်းကို ဝယ်ယူသွားမည်ဖြစ်သည်။ ထို့အတူ လာမည့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၄ သန်းဖိုးခန့် ခရီးသည်တင်လေယာဉ်များ ထပ်မံဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်သည်။ ထရန်ဆီရိုလေကြောင်းလိုင်းသည် ဥရောပ၊ အာရှနှင့် တောင်အမေရိကနိုင်ငံများသို့ လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည်။ ခရီးသည်စီးနင်းမှု တိုးတက်များပြားလာသဖြင့် ၂၀၁၄ ခုနှစ်အရောက်တွင် ခရီးသည်တင်လေယာဉ်အစီးရေ ၁၂၀ အထိ ဝယ်ယူဖြည့်ဆည်းပျံသန်းသွားမည်ဖြစ်သည်။

လောလောဆယ် ထရန်ဆီရိုလေကြောင်းလိုင်းတွင် လေယာဉ်အစင်းရေ ၈၆ စင်းရှိနေသည်။ အသစ်ဝယ်ယူဖြည့်ဆည်းလိုက်သည့် လေယာဉ်များကို အရှေ့ဥရောပနိုင်ငံများသို့ ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ **(အင်တာနက်)**

မွမ်ဘိုင်းမြို့ရှိ ပြည်နယ်အစိုးရရုံးအဆောက်အအုံမီးလောင်

မွမ်ဘိုင်း ဇွန် ၂၂

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်ရှိသော မဟာရာရှထရာပြည်နယ်အစိုးရရုံးအဆောက်အအုံတစ်ခု၌ ဇွန် ၂၂ ရက်က မီးလောင်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယမီးသတ်တပ်ဖွဲ့အရာရှိများက ပြောကြားသည်။

အဆိုပါမီးလောင်မှုမှာ အစိုးရရုံးအဆောက်အအုံ၏ စတုတ္ထထပ်၌ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး ရုံးအဆောက်အအုံငါးထပ်နှင့် ခြောက်ထပ်အတွင်း လူ ၆၅ ဦး ပိတ်မိနေခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များ အမြန်ကယ်ထုတ်ခဲ့ရသည်။

၎င်းရုံးအဆောက်အအုံသည် မွမ်ဘိုင်းမြို့တောင်ပိုင်း စီးပွားရေးအချက်အချာကျသောနေရာတွင်တည်ရှိသည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်များ အမြန်ရောက်ရှိလာပြီး မီးငြိမ်းသတ်ရေး ကြိုးစားခဲ့ကြသည်။ **(ယာပုံ)**

မီးလောင်မှုဖြစ်ပွားနေစဉ် ပိတ်မိနေသူများအား အိန္ဒိယရေတပ်မှ ရဟတ်ယာဉ်များကလည်း ဝိုင်းဝန်းကူညီကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ မီးစတင်လောင်ကျွမ်းပြီး ခုနစ်နာရီကြာမှ ငြိမ်းသတ်နိုင်ခဲ့သည်။ ၎င်းအဆောက်အအုံမှာ မီးလောင်မှုကြောင့် အများအပြား ပျက်စီးခဲ့သည်။ မီးမည်သို့စတင်လောင်ကျွမ်းခဲ့သည်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၂-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်



လန်ဒန်လေလံပွဲ၌ ဂျိုးမီရို၏ပန်းချီကား စံချိန်တင်ဈေးရရှိ

စပိန်ပန်းချီအကျော်အမော် ဂျိုးမီရို၏ ၁၉၂၇ ခုနှစ်က ရေးဆွဲထားသည့် Peinture(Etoile Blue)အမည်ရှိ ပန်းချီကား **(အပေါ်ပုံ)**သည် ဆိုသီဘိုင်လေလံအဖွဲ့က ပြုလုပ်သည့် လန်ဒန်လေလံပွဲ၌ ပေါင် ၂၃ ဒသမ ၅သန်းဖြင့် ရောင်းချခဲ့ရပြီး စပိန်ပန်းချီဆရာများ၏ လက်ရာပန်းချီကားတွင် စံချိန်တင်ဈေးနှုန်းကို ရရှိခဲ့သည်။ အဆိုပါ ပန်းချီကားကို အမည်မဖော်လိုသူလေလံဆွဲသူတစ်ဦးက တယ်လီဖုန်းဖြင့်မှာပြီး ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါစိတ္တဇပန်းချီကားသည် သုံးကြိမ်မြောက်ရောင်းချခံရခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်က နောက်ဆုံးရောင်းချခဲ့ခြင်းဖြစ်သည်။ ယခုနှစ်လန်ဒန်လေလံပွဲတွင်ရရှိသည့်ဈေးနှုန်းမှာ အမြင့်ဆုံးရရှိသည့် ဈေးနှုန်းဖြစ်သည်။ ပန်းချီဆရာဂျိုးမီရို၏ ယခင်စံချိန်တင်ရရှိသည့်ဈေးနှုန်းမှာ ပေါင် ၁၆ ဒသမ ၈ သန်းဖြစ်သည်။ ဂျိုးမီရို၏အိပ်မက်ဆန်သော ယင်းပန်းချီကားကို ပေါင် ၁၅ သန်းထက်ပိုပြီးမရနိုင်ဟု မျှော်လင့်ထားသည်။ ဒုတိယဈေးအမြင့်ဆုံးရရှိသည့် ပန်းချီကားမှာ ပီကာဆို၏ Homme Assiss ပန်းချီကားဖြစ်ပြီး ပေါင် ၆ ဒသမ ၂ သန်း ရရှိခဲ့သည်။

ဩစတြေးလျအနောက်ပိုင်းကမ်းလွန်၌ ကူးတို့ရေယာဉ်နစ်မြုပ်

အာဖဂန်နစ္စတန်နိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသူ ၂၀၀ ခန့်အား တင်ဆောင်လာသည့် ကူးတို့ရေယာဉ်တစ်စင်းသည် ဩစတြေးလျနိုင်ငံအနောက်ပိုင်း ကမ်းလွန်ခရစ္စမတ်ကျွန်းမြောက်ဘက် မိုင် ၁၂၀ ခန့်အကွာတွင် တိမ်းမှောက်ခဲ့ပြီးနောက် လူပေါင်း ၁၁၀ အား ကယ်ဆယ်နိုင်ခဲ့ကြောင်း ဩစတြေးလျပြည်ထဲရေးဝန်ကြီး ဂျာဆန်ကလဲယားက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။ ကနဦးစုံစမ်းစစ်ဆေးချက်အရ အဆိုပါကူးတို့ရေယာဉ်ပေါ်တွင် ခန့်မှန်းခြေ လူ ၂၀၀ ခန့်ရှိကြောင်း၊ လိုက်ပါလာသူအားလုံးမှာ အမျိုးသားများဖြစ်ကြကြောင်း၊ ယင်းတို့အထဲမှ ခရီးသည်သုံးဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း၊ နစ်မြုပ်ရသည့် အကြောင်းရင်းကို ရှင်းလင်းစွာ မသိရသေးကြောင်း ဝန်ကြီးကလဲယားက ဆစ်ဒနီသတင်းထောက်များအား ပြောကြားခဲ့သည်။ အဆိုပါကူးတို့ရေယာဉ်သည် ဇွန် ၂၁ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်က ထိုသို့တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျရေကြောင်းလုံခြုံရေးအရာရှိများက ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းများ

ပါကစ္စတန်သမ္မတက ဝန်ကြီးချုပ်သစ်ရွေးချယ်

အစ္စလမ္မာဘတ် ဇွန် ၂၂

ပါကစ္စတန်သမ္မတ အလီဇာဒါရီက အထည်အလိပ်လုပ်ငန်းဝန်ကြီး မာခွန်းရှာဟာဘူဒင် **(ယာပုံ)**အား ပါကစ္စတန်ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်လိုက်သည်။

နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနကလည်း ယင်းကိစ္စကို ဇွန် ၂၁ ရက်တွင် ကြေညာသည်။ ဝန်ကြီးမာခွန်းရှာဟာဘူဒင်သည် အောက်လွှတ်တော်အမတ်တစ်ဦးဖြစ်သည့်အပြင် ပန်ဂျပ်ပြည်နယ် အာဏာရပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) ခေါင်းဆောင်လည်း ဖြစ်သည်။

၎င်းအား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ရေးအတွက် ပါကစ္စတန်အောက်လွှတ်တော်က ဇွန် ၂၉ ရက်တွင် ခေါ်ယူတွေ့ဆုံမည်ဖြစ်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှားလေတပ်လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် လေတပ်အခြေစိုက်ဝင်းအတွင်း ပျက်ကျ၊ ၁၁ ဦးသေဆုံး

ဂျကာတာ ဇွန် ၂၂

အင်ဒိုနီးရှားလေတပ်မှ လေယာဉ်တစ်စင်းသည် ဇွန် ၂၁ ရက်က ဂျကာတာမြို့တွင် ပုံမှန်လေ့ကျင့်ပျံသန်းနေစဉ်အတွင်း ပျက်ကျသွားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

ဂျကာတာမြို့အရှေ့ပိုင်းတွင်ရှိသော လေတပ်အခြေစိုက်စခန်း ဟာလင်ပါဒါနာကူဆမ်မာစခန်းဝင်းအတွင်းရှိ လူနေအိမ်များပေါ်သို့ အဆိုပါ ဖော့ကာ ၂၇ လေယာဉ်သည် မွန်းလွဲ၂ နာရီ ၄၅ မိနစ်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်ကျသွားသည့်လေယာဉ်မှာ မီးလောင်ကျွမ်းသွားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အီစတန်ဒြာက ပြောကြားသည်။ လေယာဉ်မှာ နေအိမ်များပေါ်သို့ပျက်ကျခဲ့ခြင်းဖြစ်၍ မြေပြင်တွင် သေဆုံးဒဏ်ရာရရှိသူများရှိခဲ့သဖြင့် ယခုလေယာဉ်ပျက်ကျမှုတွင် သေဆုံးခဲ့သူ ၁၁ ဦးရှိပြီး ဒဏ်ရာရသူမှာ ၁၂ ဦးရှိခဲ့ကြောင်း၊ လေယာဉ်ပျက်ကျမှုကြောင့် ဒဏ်ရာရသူများကို စခန်းတွင်းရှိဆေးရုံသို့တင်ပို့ခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ ပျက်ကျသည့်လေယာဉ် လေ့ကျင့်ပျံသန်းစဉ်က ယင်းလေယာဉ်ပေါ်တွင် လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူး၊ နည်းပြဆရာတစ်ဦးနှင့် သင်တန်းသားများ အပါအဝင် စုစုပေါင်း ခုနစ်ဦး လိုက်ပါသွားခဲ့ကြောင်း လေတပ်က သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန် ဂျေဂျူးကျွန်းရေပြင်တွင် ပူးတွဲစစ်ရေးလေ့ကျင့်

ဆိုးလ် ဇွန် ၂၂

မြောက်ကိုရီးယားက ရန်စမှုတစ်ရပ်အဖြစ် ရှုမြင်ကာ အပြစ်တင်နေသည့်ကြားမှပင် တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန်တို့က ပူးတွဲရေတပ်လေ့ကျင့်မှုပြုလုပ်လျက်ရှိကြောင်း ဇွန် ၂၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန်ရေတပ်များမှ ဖျက်သင်္ဘောများ၊ ထောက်ပံ့ရေးရေယာဉ်များနှင့် ရဟတ်ယာဉ်များသည် နှစ်ရက်ကြာ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဂျေဂျူးကျွန်းတောင်ဘက် နိုင်ငံတကာရေပြင်တွင် ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တွင် ပြုလုပ်သည့် ရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများလည်း ပါဝင်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု တိုး - ရေးသားသည်

ယူရိုဇုန် ငွေရေးကြေးရေးပြဿနာနှင့် ဂျီ -၂၀ ထိပ်သီးအစည်းအဝေး

ကမ္ဘာ့ဖွံ့ဖြိုးပြီးနှင့် ထွန်းသစ်စစီးပွားရေး နိုင်ငံပေါင်း ၂၀(ဂျီ-၂၀)မှ ခေါင်းဆောင်များသည် ကမ္ဘာ့စီးပွားရေးနှင့် တကွ အခြားသောနိုင်ငံတကာရေးရာကိစ္စများကို မက္ကဆီကိုနိုင်ငံ အပန်းဖြေစခန်းမြို့ လော့စ်ကာဘော့၌ ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြသည်။ (အောက်ပုံ)

ဥရောပတိုက်၌ ကမ္ဘာတစ်ဝန်း ယုံကြည်မှုပျက်ပြားသွားစေလောက်သည့် ငွေရေးကြေးရေးဝရုန်းသုန်းကားဖြစ်မှုများ အတောမသတ်ဖြစ်ချိန်တွင် ကမ္ဘာ့အုပ်စု ၂၀ (ဂျီ-၂၀) ထိပ်သီးအစည်းအဝေး ကျင်းပခြင်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထောက်ခံအားပေးပြီး အလုပ်အကိုင်များ ဖန်တီးပေးမည်ဖြစ်ကြောင်း ထိပ်သီးအစည်းအဝေး တက်ရောက်ကြသည့် ကမ္ဘာ့ခေါင်းဆောင်များက ဇွန် ၁၉ ရက် (အင်္ဂါနေ့)တွင် အာမခံ ပြောကြားလိုက်သည်။

စီးပွားရေး နာလန်ထူလာစေရေး၊ ငွေကြေးဈေးကွက်အကျပ်အတည်း ပြေလည်ရေးတို့အတွက် အတူတကွကိုင်တွယ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ထိပ်သီးအစည်းအဝေးကထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဂရိနိုင်ငံ၌ ဆက်လက်မတည်ငြိမ်မှု၊ စပိန်နှင့် အီတလီအရေး ရတက်မအေးမှုတို့ဖြင့် ဥရောပ ငွေရေးကြေးရေး အကျပ်အတည်း ကြုံတွေ့စဉ် အုပ်စု ၂၀ (ဂျီ-၂၀) ထိပ်သီးအစည်းအဝေးကျင်းပခြင်း ဖြစ်သည်။

ယူရိုဇုန်အကျပ်အတည်းနှင့် ပတ်သက်၍ အချို့ခေါင်းဆောင်များက အံ့အားသင့်ကုန်သည်။ ထို့ကြောင့်ပင် ယူရိုဇုန်ကြွေးမြီအကျပ်အတည်းကျော်လွှားရန်လိုအပ်သလိုအရေးယူဆောင်ရွက်ရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များကဥရောပနိုင်ငံများအား တိုက်တွန်းလိုက်သည်။

ယူရိုငွေခိုင်မာတည်ငြိမ်ရေးကာကွယ်ရန် လိုအပ်သောမူဝါဒရေးရာ အစီအမံများကို အကောင်အထည်ဖော်မည် ဖြစ်ကြောင်း ဂျီ-၂၀ အုပ်စုဝင် ဥရောပအဖွဲ့ဝင်ခေါင်းဆောင်များက အာမခံလိုက်သည်ဟုလည်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ဥရောပ ခေါင်းဆောင်များအနေဖြင့်အစိုးရဘဏ္ဍာရေးကိစ္စများနှင့် ပတ်သက်၍ လက်ငင်းဆောင်ရွက်ရမည့်ကိစ္စများကို ချက်ချင်းဆောင်ရွက်ရန်နှင့် တစ်ချိန်တည်းတွင် ယူရိုငွေနှင့်ပတ်သက်၍ ရေရှည်လုပ်ငန်းများကိုလည်း မလစ်ဟင်းစေရန် အမေရိကန်သမ္မတအိုဘားမားက အင်္ဂါနေ့ ညနေသတင်းစာရှင်းပွဲတွင် အားပေးတိုက်တွန်းလိုက်သည်။

ဥရောပတိုက်မှ တတိယနှင့်စတုတ္ထမြောက် စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်ကြသည့် စပိန်နှင့် အီတလီတို့တွင် ကယ်ဆယ်ရေး ထောက်ပံ့ငွေများ လိုနေသည့်ပြဿနာရှိသည်။ တစ်ချိန်တည်းမှာပင် ပြီးခဲ့သည့်တနင်္ဂနွေနေ့ရွေးကောက်ပွဲအပြီး အစိုးရတစ်ရပ် ဖွဲ့စည်းရန် ဂရိနိုင်ငံကကြိုးပမ်းလျက်ရှိသည်။

လာမည့်ရက်သတ္တပတ် အီးယူထိပ်သီးအစည်းအဝေးတွင် ယူရိုဇုန်စီးပွားရေးခိုင်မာရေးနှင့်စပ်လျဉ်း၍ အဆိုများ တင်သွင်းမည်ဟု ဥရောပကောင်စီဥက္ကဋ္ဌ ဟာမန်ဗန်ရွမ်ပိုင်က ပြောကြားသည်။ ယူရိုငွေနှင့် ယူရိုဇုန်မှာ နောက်ကြောင်းပြန်၍မရသည့် စီမံကိန်း ဖြစ်ကြောင်း၊ အဆိုတင်မည့် အစီအမံများဖြင့် ကမ္ဘာကိုပြသမည်ဖြစ်ကြောင်း၊တူညီသောသုံးငွေတစ်ခုအတွက် တူညီသောမူဝါဒသဘောတရား ရှိရန်လိုအပ်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌက ရှင်းပြသည်။

ဘဏ်လုပ်ငန်း သမဂ္ဂအပြင် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေးအစီအမံများကိုလည်း အီးယူတာဝန်ရှိသူများက စဉ်းစားနေသည်။

ဥရောပတိုက်၏ ထိုသို့သောအခြေအနေတွင် ဂျီ-၂၀ ခေါင်းဆောင်များက စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လက်မဲ့လျှော့ချရေး လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်ကာထပ်ကာ ပြောကြားလိုက်သည်။ ထို့ပြင် နိုင်ငံတကာကုန်သွယ်ရေးကို တိုးမြှင့်ရန်နှင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒများကို ရှောင်ရှားမည်ဟုလည်း အာမခံလိုက်သည်။

အုပ်စု ၂၀ (ဂျီ-၂၀) ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သည့် မက္ကဆီကိုသမ္မတ ဖိလစ်ကာလ်ဒီရွန်ကလည်း ယခုအခါ အရေးကြီးဆုံးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းပေးမည့် လုပ်ငန်းအစီအစဉ်တစ်ရပ်ကို ကမ္ဘာကချမှတ်လိုက်ပြီ ဖြစ်သည့်အပြင် ရေရှည်ကိုလည်း ရှုမြင်နိုင်ကြောင်း ပြောကြားလိုက်သည်။

ထိုလုပ်ငန်းအစီအစဉ်မှာ အခြားမဟုတ် ယုံကြည်မှုပြန်လည်ရရှိရန်နှင့် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရန် ဖြစ်သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ကလည်း အဖွဲ့ဝင် ၁၂ နိုင်ငံတို့က ရန်ပုံငွေထပ်မံထည့်ရန် သဘောတူညီထားကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ ထွန်းသစ်စစီးပွားရေးငါးနိုင်ငံ(ဘရစ်)က အိုင်အမ်အက်ဖ်သို့ ငွေကြေးထည့်ဝင်ရန် ဆုံးဖြတ်လိုက်ကြသည်။ တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ ရုရှား၊ တောင်အာဖရိက(ဘရစ်)အုပ်စုနိုင်ငံများမှ တရုတ်က ဒေါ်လာ ၄၃ ဘီလီယံနှင့် ရုရှား၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့က ဒေါ်လာ ၁၀ ဘီလီယံစီထည့်ရန် တာဝန်ယူသည်။ ထိပ်သီးအစည်းအဝေး စတင်သည့်ပထမနေ့က ယူရိုဇုန်အကျပ်အတည်းနှင့် ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်အများအပြား အံ့အားသင့်ကုန်ကြသည်။ ဇွန်လကုန်တွင်ရာထူးမှလွှဲပေးရတော့မည့် ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ ရောဘတ်ဇိုလစ်က ဆိုလျှင် ဘာတွေဖြစ်လို့ ဘယ်လိုလုပ်မည်ဆိုသည်ကို ဥရောပအခြေအနေနှင့် ပတ်သက်၍ မိမိတို့စောင့်နေပါသည်ဟု ပြောကြားသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)၏ မက္ကဆီကိုအကြီးအကဲ ဟိုဆေးအိန်ဂျယ်ဂါရီယာကလည်း ၎င်းအကျပ်အတည်းမှာကမ္ဘာ့စီးပွားရေးကို အကြီးအကျယ်ဆုံး ခြိမ်းခြောက်သည့် တစ်ခုတည်းသောအရာဖြစ်ကြောင်း ပြောဆိုဝေဖန်လိုက်သည်။

ယူရိုအကျပ်အတည်းကား စိုးရိမ်ဖွယ်ဖြစ်သည်။ကမ္ဘာ့တစ်ဖက်ခြမ်း၌ စီးပွားရေးကျဆင်းလျှင် အခြားတစ်ဖက်ခြမ်းက ယင်း၏ ရိုက်ခတ်မှုကို ရှောင်၍မရနိုင်လောက်အောင်ဖြစ်ကာ ကမ္ဘာတစ်ဝန်း အကျပ်အတည်းများဖြင့် ရင်ဆိုင်ရမည်မဟုတ်ပါလား။ ။ ***ကိုးကား-အင်တာနက်***

ဆန်းသစ်တီထွင် မိုးမြင့်လင်းလက် - ရေးသားသည်

နျူကလီးယားဓာတ်ရောင်ခြည် ကာကွယ်နိုင်သည့်ဝတ်စုံ ဂျပန်ထုတ်လုပ်

တိုကျို ဇွန် ၂၂

ဂျပန်နိုင်ငံမှ သုတေသနပညာရှင်တစ်ဦးက နျူကလီးယားဓာတ်ရောင်ခြည်သင့်မှုဘေးအန္တရာယ်မှ အကာအကွယ်ပေးနိုင်သည့် ဝတ်စုံကိုထုတ်လုပ်လိုက်ပြီး လူငယ်ရုပ်တုတစ်ခု၌ ဝတ်ဆင်ပြသထားလိုက်ပြီဖြစ်ကြောင်း ဇွန် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

Sun Child ဟုအမည်ပေးထားသော ၎င်းဝတ်စုံကို ဝတ်ဆင်ထားသည့် လူငယ်ရုပ်တုတွင် ဓာတ်ရောင်ခြည်ဒဏ်မှ အကာအကွယ်ပေးနိုင်သော အထူးပြုလုပ်ထားသည့် ဦးခေါင်းဆောင်းနှင့် လက်အိတ်များပါရှိသည်။ ၎င်းဦးခေါင်းဆောင်းသည် မျက်နှာပြင်၊ လည်ပင်းနှင့်ဦးခေါင်းတစ်ခုလုံးကို ဓာတ်ရောင်ခြည်မှ အကာအကွယ်ပေးနိုင်သည်။

မျက်နှာပြင်တွင် ဓာတ်ရောင်ခြည် မထိုးဖောက်နိုင်သည့် ဖန်သားပြင်တပ်ဆင်ထားသဖြင့် မြင်ကွင်းကိုကောင်းစွာ ကြည့်ရှုမြင်တွေ့နိုင်သည်။ ကိုယ်ထည်အင်္ကျီ ရှေ့ပိုင်းတွင် ဓာတ်ရောင်ခြည်ကို တုံ့ပြန်နိုင်သည့် ကိရိယာတပ်ဆင်ထားသည်။ ယင်းကိရိယာသည် ဓာတ်ရောင်ခြည်များကို ဟန့်တားချေဖျက်နိုင်သည့် စနစ်များထည့်သွင်းတပ်ဆင်ထားသည်။ အဆိုပါ ဝတ်စုံကို ဂျပန်နိုင်ငံ ဖူကူရှီးမားတက္ကသိုလ်မှ ပါမောက္ခ ကိုအီချိဝါတာနာဘီက ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယခုအခါ ၎င်းရုပ်တုနှင့်ဝတ်စုံကို တိုကျိုမြို့ ဒိုင်ဂိုဖူကူရာယူမာရှုခန်းမ၌ ပြသထားမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ် မတ် ၁၁ ရက်က ငလျင်နှင့်ဆူနာမီဒဏ်ကြောင့် ဖူကူရှီးမားနျူကလီးယားစက်ရုံမှ နျူကလီးယားဓာတ်ရောင်ခြည်များ ဖြာထွက်ခဲ့မှုကြောင့် ဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူများ ယင်းဘေးအန္တရာယ်မှ ကာကွယ်စေရန် ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကယ်လီဖိုးနီးယား၌ တစ်နှစ်တာအကောင်းဆုံး ရုပ်မြင်သံကြားဆုများချီးမြှင့် ရုပ်ရှင်မင်းသားခရင်စတန်နှင့် ရုပ်ရှင်မင်းသမီးဒါနက်စ်တို့ဆွတ်ခူးရရှိ

ရုပ်ရှင်မင်းသမီး ကလဲဒါနက်စ်

ရုပ်ရှင်မင်းသား ဘာရန်ခရင်စတန်

ရုပ်ရှင်မင်းသမီး ဒက်ချန်နယ်

လော့စ်အိန်ဂျလိစ် ဇွန် ၂၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ ဘီဗာလီဟိုတယ်၌ ဇွန် ၂၁ ရက်က ကျင်းပသည့် ၂၀၁၂ ခုနှစ် Critics Choice ရုပ်မြင်သံကြားဆုချီးမြှင့်ပွဲတွင် Home Land ဒရာမာ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲက အကောင်းဆုံးဒရာမာဇာတ်ကားဆု ဆွတ်ခူးရရှိခဲ့သည်။

ထို့အတူ Breaking Bad ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်မင်းသား ဘာရန်ခရင်စတန်က အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုရရှိခဲ့သည်။ တစ်ဖန်ယင်းဇာတ်ကားတွင် ရုပ်ရှင်မင်းသား ဘာရန်ခရင်စတန်နှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်မင်းသား ဂန်ကာလိုအက်ပိုစီကလည်း အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိခဲ့သည်။ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုအတွက် Home Land ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသမီး ကလဲဒါနက်စ်က ဆွတ်ခူးရရှိခဲ့သည်။ ယင်းဇာတ်ကား၌ သူမသည် ဇာတ်ဝင်ခန်းတိုင်း ဇာတ်ကောင်စရိုက်နှင့်တစ်ထပ်တည်းကျအောင် သရုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် Mad Men တွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင် မင်းသမီး ခရစ္စတီနာဟန်ဒရစ်စ်က အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု ဆွတ်ခူးရရှိခဲ့သည်။

တစ်ဖန်အကောင်းဆုံး ဟာသဇာတ်ကားအဖြစ် Community ရုပ်ရှင်ကားက ရွေးချယ်ခံခဲ့ရသည်။ ထို့အတူ အကောင်းဆုံးအမျိုးသား ဟာသသရုပ်ဆောင်ဆုကို ရုပ်ရှင်မင်းသားလူးဝစ်စီကောက Louie ဇာတ်ကားဖြင့် ရွေးချယ်ချီးမြှင့်ခံရသည်။ ထို့အတူ အကောင်းဆုံးအမျိုးသမီး ဟာသသရုပ်ဆောင်ဆုကို Parks and Recreation ဇာတ်ကားမှ ရုပ်ရှင်မင်းသမီး အေမီဖိုလာနှင့် New Girl ဇာတ်ကားမှ ရုပ်ရှင်မင်းသမီး ဇူအီဒက်ချန်နယ်တို့က ပူးတွဲဆွတ်ခူးရရှိခဲ့သည်။

တစ်ဖန်အကောင်းဆုံး အမျိုးသားဟာသဇာတ်ပို့ဆုကို Modern Familyဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသားဘာရယ်ဆွတ်ခူးရရှိခဲ့သည်။ ထို့အတူ အကောင်းဆုံးအမျိုးသမီးဟာသဇာတ်ပို့ဆုကို ယင်းဇာတ်ကားမှ ရုပ်ရှင်မင်းသမီးဂျူလီဘောင်းတို့က ဆွတ်ခူးရရှိခဲ့သည်။

ယခုနှစ်ကျင်းပသည့် ၂၀၁၂ခုနှစ် တစ်နှစ်တာအကောင်းဆုံး ရုပ်မြင်သံကြားဇာတ်ကားဆုနှင့် သရုပ်ဆောင်ဆုများချီးမြှင့်ရာတွင် စုစုပေါင်း ဆုအရေအတွက် ၂၀ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ရုပ်ရှင်မင်းသားဘာရန်ခရင်စတန်သည် တစ်နှစ်တာ အကောင်းဆုံး ရုပ်မြင်သံကြားဆု၏ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကိုသစ္စာ–ရေးသည်

Spider-Man ဇာတ်ကားတွဲများ ရိုက်ကူးမယ့် ရုပ်ရှင်မင်းသမီး အမ်မာစတုန်း

လော့စ်အိန်ဂျလိစ် ဇွန် ၂၂

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အမ်မာစတုန်းပါဝင်သရုပ်ဆောင်ထားတဲ့ Amazing Spider-Man ရုပ်ရှင်ကားကို အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ဇူလိုင်လဆန်းမှာ ပြန်လည်ရုံတင်ပြသဖို့ စီစဉ်နေပါတယ်။ ဒီဇာတ်ကားဟာ မြောက်အမေရိကနိုင်ငံတွေမှာ ရုံတင်ပြသခဲ့ရာမှာ ပရိသတ်တွေ အများအပြား ကြည့်ရှုအားပေးခဲ့တာမို့ အမေရိကန်နိုင်ငံတစ်ဝန်းမှာ အခုလို ပြန်လည်ပြသခြင်းဖြစ်ပါတယ်။ ဒါကြောင့် Spider-Man ဇာတ်ကားတွဲကို အမ်မာစတုန်းက ဆက်လက်ရိုက်ကူးမှာ ဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင် မင်းသမီး အမ်မာစတုန်း**(ယာပုံ)**ဟာ The Croods အမည်ရှိတဲ့ ဇာတ်ကားသစ်မှာ ပါဝင်သရုပ်ဆောင်နေပါတယ်။ အဲဒီ ရုပ်ရှင်ကားဟာ ဇာတ်လမ်းတိုရုပ်ရှင်ကား ဖြစ်ပြီး လာမယ့် ၂၀၁၃ခုနှစ် မတ် ၂၂ ရက်မှာ ရုံတင်ပြသနိုင်ဖို့စီစဉ်နေပါတယ်။

အဲဒီဇာတ်ကားမှာ ရုပ်ရှင်မင်းသား နီကိုလပ်ကေ့ချ်ရဲ့ အကြီးဆုံးသမီးဂရေ့နဲ့အတူ တွဲဖက်သရုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် Movie 43 အမည်ရှိ ရုပ်ရှင်ကားကိုလည်း ရိုက်ကူးနေပြီး အဲဒီဇာတ်ကားမှာလည်း ကိတ်ဝင်းစလက်နဲ့အတူ ပါဝင်သရုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာအဲလိဇာဘတ်ဘင့်စ်နဲ့ စတိဗ်ဘရေးလ်တို့က ရိုက်ကူးနေခြင်းဖြစ်ပါတယ်။ နောက်ပြီး ဒါရိုက်တာ ရူဘင်ဖလစ်ချာရိုက်ကူးမယ့် The Gangster Squad ဇာတ်ကားကိုလည်း ၂၀၁၂ ခုနှစ်ကုန်မှာ ရိုက်ကူးဖို့စီစဉ်ထားပါတယ်။ ဒီဇာတ်ကားဟာ မှုခင်းဆန်တဲ့ ဒရာမာဇာတ်ကားဖြစ်တာမို့ ရုပ်ရှင်မင်းသမီးအမ်မာစတုန်းနဲ့လိုက်ဖက်တဲ့ ရုပ်ရှင်ကားလည်း ဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီးအမ်မာစတုန်းဟာ ဟောလိဝုဒ်အမျိုးသမီးလူငယ်သရုပ်ဆောင်တွေထဲမှာတော့ ၂၀၁၂ ခုနှစ်အတွင်း ရုပ်ရှင်ကားအများဆုံး ရိုက်ကူးရသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူမကိုယ်တိုင် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာလုပ် ရိုက်ကူးမယ့် Little White Corvette ဇာတ်ကားကိုလည်း ကိုယ်တိုင်ထုတ်လုပ်ဖြန့်ချိဖို့စီစဉ်နေပါတယ်။

ဒီဇာတ်ကားကိုတော့ လာမယ့် ၂၀၁၃ခုနှစ်ကုန်မှာ ရိုက်ကူးပြီးစီးနိုင်မယ်လို့မျှော်မှန်းထားပါတယ်။ ရုပ်ရှင်သရုပ်ဆောင်အပြင် ဒါရိုက်တာနဲ့ ထုတ်လုပ်သူတစ်ဦးအဖြစ် လုပ်ကိုင်လိုတဲ့ ရုပ်ရှင်မင်းသမီးအမ်မာစတုန်းဟာ လောလောဆယ်မှာ Spider-Man ဇာတ်ကားမှာ အတူသရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်မင်းသားအင်ဒရူးဂါဖီးလ်နဲ့ တွဲနေပါကြောင်း. . .။ **(အင်တာနက်)**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန ဥပစာရှိ စိုက်ပျိုးမြေကွက်လပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီးဒေါ်ဝေဝေတို့က ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီး ဒေါ်စုညွန့်ဦးတို့က ပိတောက်ပင်ကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနအကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများသည် လှိုင်ပိတ်ဆည် အမှတ်(၃၃) အတွင်းသို့ ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးကြသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနသည် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ ကျွန်း၊ ကုက္ကို၊ ငုရွှေ၊ စိန်ပန်းကြီး၊ စွယ်တော်၊ ပန်းမဲဇလီနှင့် မဲဇလီ၊ ယင်းမာ၊ ယူကလစ်၊ ဖျောက်ဆိပ်၊ စိန်တံကူနှင့်မန်ကျည်းပင် စုစုပေါင်း သစ်ပင် ပျိုးပင် ၅၅၀ ကို စိုက်ပျိုးခဲ့ကြပြီး နေပြည်တော်တွင် ၂၀၀၆ခုနှစ်မှစတင်၍ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ကျင်းပခဲ့ရာ ပန်းအလှပင်၊ အရိပ်ရလေကာပင်၊ သီးပင်စားပင်နှင့် နှစ်ရှည်ပင် စုစုပေါင်း ၁၃၅၅၀ ကျော်ကို စိုက်ပျိုးထားရှိ၍ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်းနှင့် တီလားပီးယားငါးမျိုးသားပေါက်ကောင်ရေ ၃၅၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီးဒေါ်ဝေဝေတို့ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

"မြန်မာအမျိုးသမီးများနေ့"
ဇူလိုင်လ (၃) ရက်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ကယ်ဆယ်ရေးစခန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြို့မဈေးရှေ့ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုနှင့် ပြည်သူများ အေးချမ်းစွာ သွားလာနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး မီးသတ်တပ်ဖွဲ့ဝင်များအား နေထိုင်စားသောက်ရေး ဆောင်ရွက် ပေးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေ့ပြောင်းအိမ်ထောင်စုဝင်များအား သဲချောင်းကျေးရွာ၌ ယာယီနေရာချထားမှုနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ညနေပိုင်းတွင် ဗုဒ္ဓါမော်ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ် ထားရှိသည့် ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး စစ်တွေမြို့ တရားသိစုရပ်ကွက် မီးလောင်ပြင်နေရာအား စက်၊ ယာဉ်၊ ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကိုလည်းကောင်း၊ မြို့သူကြီးရပ်ကွက် မီးလောင်ပြင်နေရာအား မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများအတွက် ထောက်ပံ့ကူညီသည့်ပစ္စည်းများ ထပ်မံရောက်ရှိ

နေပြည်တော် ဇွန် ၂၂

ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများအတွက် မြန်မာနိုင်ငံအနယ်နယ် အရပ်ရပ်မှလှူဒါန်းသော ထောက်ပံ့ကူညီသည့်ပစ္စည်းများ ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ ထပ်မံရောက်ရှိသည်။

အဆိုပါ ထောက်ပံ့ကူညီသည့်ပစ္စည်းများဖြစ်သော ကြက်သွန်နီ၊ မာမီးခေါက်ဆွဲ၊ မှုန့်ကြွပ်၊ ကော်ဖီမစ်၊ ထီး၊ ဖိနပ်၊ စောင်၊ ခေါင်းအုံး၊ ဆေးစိမ်ခြင်ထောင်၊ မိုးကာလိပ်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ သံဃာတော်နှင့် သီလရှင်သုံး ပစ္စည်းများအား ကယ်ဆယ်ရေး စခန်းများသို့ အမြန်ဆုံးရောက်ရှိဖြန့်ဖြူးနိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများက သယ်ယူပို့ဆောင်ပေးကြသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စစ်တွေမြို့ ပရိယတ္တိစာသင်တိုက်ရှိ ကယ်ဆယ်ရေးစခန်းသို့သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**အလားတူ ဘူးသီးတောင်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံဆေးတပ်ရင်းများမှ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၅ ရက်မှ ၂၂ ရက်အထိ စစ်တွေမြို့တွင် ၁၃၄၈ ဦးနှင့် ဘူးသီးတောင်မြို့တွင် ၂၃၂ ဦး ဆေးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ်ပိုင်ကားစီးနိုင်သူများ တိုးပွားလာတော့မည်

သတင်းနှင့်ဓာတ်ပုံ-သက်ထက်ကို

နိုင်ငံခြားငွေရှိသူတိုင်း ၂၀၀၇ ခုနှစ် မော်ဒယ်နှင့် အထက်ကားများ တင်သွင်းနိုင်ကြောင်း ကြေညာပြီး နောက်ပိုင်း ပြည်တွင်းရှိကားများနှင့် ပါမစ်(စလစ်)ဈေးများ ထိုးဆင်းသွားခဲ့တယ်လို့ ဟံသာဝတီကားဝိုင်းအတွင်းက မိတ်ဆွေတစ်ဦးဖြစ်တဲ့ ဝယ်ရောင်းသမား ကိုနိုင်ဝင်းက ဆိုခဲ့ပါတယ်။

အခုတစ်ဖန် ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယာဉ်အိုယာဉ်ဟောင်းအပ်နှံရေးအစီအစဉ်မှာ မှတ်ပုံတင်ကြေးတွေ ထပ်မံလျှော့ချပေးလာတာကြောင့် ကားဈေးကွက် ပိုပြီးကျလာခဲ့ကြောင်းကိုလည်း သိရပါတယ်။

ကြေညာချက်မထွက်မီ အရင်ရက်ပိုင်းအထိ ကားပါမစ်(စလစ်) ဈေးက ကျပ် ၄၇/၄၈ သိန်းအထိ ပြုတ်ကျနေခဲ့ပြီး ဒီနေ့ကျပ်သိန်း ၆၀ ပတ်လည် ပြန်လည်အသက်ဝင်လာခဲ့တယ်လို့လည်း ဝယ်ရောင်းတစ်ဦး ထံက ကြားခဲ့ရပြန်ပါတယ်။

ဒါ့အပြင် စီမံချက်ထဲမပါတဲ့ Taxi တွေကိုတော့ ၈၀ ရာခိုင်နှုန်း အခွန်လျှော့ကောက်ဦးမှာဖြစ်ပြီး သက်ဆိုင်ရာဌာနရဲ့ ထောက်ခံချက်နဲ့ Taxi အဖြစ် တင်သွင်းလာတဲ့ ယာဉ်တွေကိုတော့ ကန့်သတ်ချက်အချို့နဲ့အတူ ၅၀ ရာခိုင်နှုန်း အခွန်လျှော့ကောက်သွားမယ်လို့ ကြေညာချက်အရ သိရပါတယ်။

အမြင့်ကားတစ်စီးကိုဝယ်ယူရန် ဝယ်လက်တို့မှ စိတ်ကြိုက်ကြည့်ရှုနေကြစဉ်။

နောက်. . . အစိုးရနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတို့ အကျိုးတူပူးပေါင်းပြီး Taxi အဖြစ် အသုံးပြုဖို့ တင်သွင်းလာတဲ့ ယာဉ်တွေကိုလည်း ၅၀ ရာခိုင်နှုန်း လျှော့ကောက်ခံသွားမှာဖြစ်တဲ့အပြင် လေလံရထားတဲ့ယာဉ်တွေကို ဖျက်သိမ်းပြီး အစားထိုး တင်သွင်းလိုပါကလည်း ကောင်း/ညံ့ မခွဲခြားဘဲ ၆၀ ရာခိုင် နှုန်းအထိ အခွန်လျှော့ချပေးသွားမယ်လို့လည်း သိခွင့်ရလိုက်ပါတယ်။

လက်တွေ့နှင့်ကိုက်ညီ

"အရင်ငွေကျပ် သိန်း ၂၀၀ နီးပါး အခွန်ဆောင်ခဲ့ရတဲ့ကားတွေ အခုဆို ငွေကျပ်သိန်း ၁၂၀ လောက်ပဲ ဆောင်ရတော့မယ်၊ အခွန်တွေလျှော့လာတာနဲ့အမျှ ကားဈေးတွေကလည်းကျလာပြီ၊ ဈေးကျလာတာနဲ့အတူ လူအတော်များများက ကိုယ်ပိုင်ကား စီးနိုင်ကြတော့မယ်" ဟု ကားဝယ်ရန်စီစဉ်နေတဲ့ အရပ်ထဲက ပင်စင်စားကြီးတစ်ဦးရဲ့ စကားကလည်း လက်တွေ့နှင့်ကိုက်ညီလှပါတယ်။ ။

ရမည်းသင်း-ကျိုးနီကန်သဲနုန်းများ စက်ယန္တရားဖြင့် ဆယ်ယူ

ရမည်းသင်း ဇွန် ၂၂

ရမည်းသင်းမြို့ ကျိုးနီကန်သည် လယ်မြေဧက ၆၅၀၀ကို စိုက်ပျိုးရေပေးဝေနိုင်သောကန်ဖြစ်ပြီး ကန်အတွင်း၌ သဲနုန်းများ နှစ်ရှည်လများ ဖို့ကျနေခဲ့သည်။ မိုးများသည့်အခါများတွင် ကန်အတွင်းရေသိုလှောင်မထားနိုင်ဘဲ ရေများအလုံးအရင်းဖြင့် စီးဆင်းခဲ့သဖြင့် ကန်အောက်ရှိ ဆည်ကြီးရွာ၊ ညောင်အိုင်ရွာနှင့် သင်ပန်းကုန်းအရှေ့ရွာများ ရေဝင်ရောက်ခဲ့သလို ရမည်းသင်း-သိမ်ကုန်းသွားကားလမ်း ရေကျော်ခြင်း၊ မူလတန်းကျောင်းနှင့် လယ်မြေများ ရေနစ်မြုပ်ပျက်စီးခဲ့ပြီး ဆည်ကြီးရွာဦးရှိ ရေတံခါးမှာ ကျိုးပေါက်ပျက်စီးခဲ့ရသည်။

ပြုပြင်ဆောင်ရွက်

ထို့ကြောင့် ကျိုးနီကန်အရှေ့ဘက်ရေဝင်နေရာ အလျားပေ ၃၀၀၀ နှင့် အနံပေ ၂၀၀ တွင် သဲနုန်းများကို စက်ယန္တရားဖြင့် ဆယ်ယူခြင်း၊ ရေစီးရေလာကောင်းမွန်ရန် အမှတ်(၁) မြောင်းနှင့် အမှတ်(၃)မြောင်းများ ဖြောင့်မတ်ခြင်း၊ တူးဖော်ခြင်းနှင့် ဆည်ကြီးရွာအနီးရှိ ရေတံခါးကို ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ **(ယာပုံ)** (ဝ၁၁)

ကလေးမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

ကလေး ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ခရီးသည်တင်နှင့် ကုန်တင်မော်တော်ယာဉ်ပြေးဆွဲခြင်းလုပ်ငန်းမှ ကြိုတင်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့် ကြိုတင်ဝင်ငွေခွန် ကောက်ခံပေးသွင်းရေးလုပ်ငန်းဆိုင်ရာ အခွန်ပညာပေးဆွေးနွေးပွဲကို ကလေးမြို့နယ် နေရဉ္စရာခန်းမ၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီကကျင်းပရာ ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြင့်ဝေက အခွန်ဆိုင်ရာ သိကောင်းစရာများကိုပြောကြားပြီး ကားဂိတ်တာဝန်ခံများ၏မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်မှာကြား

နေပြည်တော် ဇွန် ၂၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများအမှတ်စဉ်(၅/၂၀၁၂)နှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာနည်းပြ(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၁၂)ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော် Mount Pleasant Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုအရည်အသွေးမှ လုပ်ငန်း၏ အောင်မြင်မှုနှင့် ကျရှုံးမှုကို အဆုံးအဖြတ်ပေးသဖြင့် ဝန်ထမ်းများ၏ ဝန်ဆောင်မှု အရည်အသွေးကောင်းမွန်မြင့်မားရေးသည် အလွန်အရေးကြီးကြောင်း၊ အသစ်ခန့်သည့် ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများကိုလည်း ပင်ကိုစွမ်းရည်ပေါ် အခြေခံ၍ စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရေးအတွက် သင်တန်းများ တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စနစ်တကျ ရေရှည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) အား လက်အောက်ခံအသင်း ၁၂ သင်းဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ခရီးသည်ဝင်/ထွက်မှု လွယ်ကူအဆင်ပြေရေး၊ ပို့ဆောင်ရေးယာဉ်များ စနစ်တကျဖြစ်ရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ ဝန်ဆောင်မှုအဆင့်အတန်းမြင့်မားရေးနှင့် ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဒေသအတွင်း သဘာဝသယံဇာတနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ ပေါကြွယ်ဝသဖြင့် စီးပွားရေးအခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဆွဲဆောင်မှုအများအပြားရှိပြီး အာဆီယံနိုင်ငံများနှင့် ပေါင်းစည်းညီညွတ်မှုတိုးတက်လာသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး ဒေသတစ်ခုဖြစ်လာနေပြီဖြစ်ကြောင်း၊ ဟိုတယ်အဆင့်အတန်း မြင့်မားစေရေးအတွက် ကြယ်ပွင့်အဆင့်သတ်မှတ်ဆောင်ရွက်ရာတွင် ဟိုတယ်ဝန်ထမ်းများ၏ အရည်အသွေး၊ အရည်အချင်း၊ သင်တန်းတက်ရောက်ပြီးစီးမှုနှင့် ဝန်ဆောင်မှုအပိုင်းကို ထည့်သွင်းသတ်မှတ်ထားကြောင်း၊ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးသည် ဟိုတယ်၏အဆင့်သတ်မှတ်ချက်ကို အထောက်အကူဖြစ်သဖြင့် ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် မိမိဝန်ထမ်းများ ဝန်ဆောင်မှုအရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် သင်တန်းတက်ရောက်စေရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့် ဟိုတယ်အတွက် ဝန်ဆောင်မှုအရည်အသွေး ကျဆင်းမသွားအောင်လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဟိုတယ်ဝန်ဆောင်မှုကောင်းပေးနိုင်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းထူးချွန်ဆုရ သင်တန်းသားသင်တန်းသူများအား ဆုပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဦးဌေးအောင်က သင်တန်းနည်းပြဆရာ ဆရာမများအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် နေပြည်တော် ဟိုတယ်ဇုန်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဌေးက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် အထက်တုံခန်ကျေးရွာ လူငယ်ရိပ်သာတွင် မိုးပွင့်စီမံချက် အဆင့်(၃)အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၁၇ ရက်က ကျင်းပရာ မူဆယ်ခရိုင် လဝကမှူး ဦးအောင်ဝင်းသိန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါရုံး၌ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ထမ်းများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၅၀၊ မဟော်ဂနီပင် ၅၀ နှင့်အခြားအရိပ်ရ/ပန်းပင် ၁၀၀ အပါအဝင် စုစုပေါင်း အပင် ၃၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇွန် ၂၂

ယနေ့ နံနက် ၉ နာရီ ၅၂ မိနစ် ၂၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက်မိုင် ၁၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ကွန်ဟိန်းမြို့၏ အရှေ့တောင်ဘက် ၂၅မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

သတင်းအဖွဲ့အနေဖြင့် စပျစ်စိုက်ပျိုးထွက်ရှိပုံနှင့် ပတ်သက်၍ သိရှိလိုသဖြင့် ဆည်ထိပ်ရွာမှ စပျစ်စိုက်ပျိုးသူ ဦးခင်မောင်ချိုအား တွေ့ဆုံမေးမြန်းစနည်းနာကြည့်ရာ "ကျွန်တော့်ခြံမှာ စပျစ်ငါးဧကလောက် စိုက်ပျိုးထားပါတယ်။ စပျစ်ဟာ ပျိုးပင်အဆင့်မှ စိုက်ပြီး ၁၀ လလောက်ကြာရင် ခူးလို့ရပါပြီ၊ လေးတောင်ကြား အပင်စိုက်ပြီး စင်ထိုးပေးရပါတယ်။ အရင်က သစ်၊ ဝါးနဲ့ စင်ခံပေးသော်လည်း အခုတော့ သံနန်းကြိုးနဲ့ စင်ခံပေးပါတယ်။ ရေရှည်မှာစင်အတွက် အကုန်အကျသက်သာသလို အပင်ရှင်သန်မှုနဲ့ သီးထွက်နှုန်းလည်း ကောင်းပါတယ်။"

စိုက်ပျိုးသည့် အပင်အမျိုးအစားနှင့်ပတ်သက်၍လည်း "ဒီမှာ အများစုစိုက်တာကတော့ အီတလီနံပါတ်(၃)၊ Big Black၊ Black Queen နဲ့ သီးချွန်အနီတို့ကို အများဆုံးစိုက်ပါတယ်။ စပျစ်မျိုးကတော့ အမျိုးမျိုးရှိပါတယ်။ အီတလီနံပါတ်(၃)က ရောဂါဒဏ်ခံနိုင်ရည်ရှိသလို ဈေးကွက်လဲ ပိုဝင်တာမို့ အများဆုံး စိုက်ပျိုးပါတယ်" ဟု ပြောပြသည်။

အသီးခူးဆွတ်ရောင်းချပုံနှင့် ပတ်သက်၍ "စပျစ်ဟာ နွေသီးနှင့် မိုးသီးဆိုပြီး ခူးလို့ရပါတယ်။ မတ်လနဲ့ ဧပြီလလောက်ဆိုရင် နွေသီးထွက်ပါတယ်။ ဇွန်လနဲ့ ဇူလိုင်လဆို မိုးသီးခူးဆွတ်ပါတယ်။ အသီးခူးပြီး အောက်တိုဘာလလောက်ဆို ကိုင်းဖြတ်ပြီး အပင်ပြန်မွေးရပါတယ်။ ဒါနဲ့ပဲ တစ်ရာသီလုံး လုပ်ငန်းလည်ပတ်နေတာပါပဲ။

"စပျစ်မှာ နွေသီးက မိုးသီးထက် ဈေးပိုရပါတယ်။ အရသာမှာလည်း နွေသီးက ပိုချိုပါတယ်။ မိုးသီးက ဈေးရနည်းတာကတော့ ဒီရာသီမှာ အခြားအသီးတွေဖြစ်တဲ့ သရက်၊ နာနတ်တွေကလည်း ပေါပေါများများ ထွက်တာမို့ပါ။ နွေသီးက တစ်ပိဿာကို ကျပ် ၂၀၀၀၊ ၂၅၀၀ လောက် ဈေးရပါတယ်။ မိုးသီးက ကျပ် ၅၀၀၊ ၇၀၀ ပဲ ဈေးရပါတယ်။ ဈေးကတော့တစ်ရာသီနဲ့တစ်ရာသီ မတူပါဘူး။ Red Grape အမျိုးအစားဆိုရင် အသီးကြီး၊ အခိုင်ကြီးမို့ တစ်ပိဿာ ကျပ် ၃၅၀၀ လောက်ရပါ



စပျစ်သီးများ အခိုင်လိုက်သီးနေသည်ကို ဤသို့ တွေ့ရသည်။

တယ်။ အဲဒီအမျိုးအစားက ဒီမှာ စမ်းသပ်စိုက်ပျိုးခဲ့တာ လေးငါးနှစ်လောက်ရှိပါပြီ။ အောင်မြင်ပါတယ်။ ဒါပေမယ့် တစ်နှစ်မှာ တစ်ခါပဲ ခူးလို့ရပါတယ်" ဟု ရှင်းပြသည်။

စပျစ်ပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး အပင်ပြုစုထိန်းသိမ်းမှုကောင်းပါကနှစ်ပေါင်း ၂၀ ကျော် ၃၀ လောက်အထိ ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ အပင်သက်တမ်းရင့်လေ အသီးအထွက်ကောင်းလေဖြစ်ကြောင်း သိရသည်။ မြေတစ်ဧကမှာ အပင် ၈၀၀ လောက်ထိ စိုက်ပျိုးနိုင်ပြီး တစ်ပင်လျှင် ၁၀ ပိဿာလောက်ထိ သီးနိုင်ကြောင်း၊ အပင် ၁၀၀ လျှင် မြေဩဇာ၊ ဆေးနှင့် အထွေထွေအလုပ်သမား ကုန်ကျစရိတ် ကျပ်နှစ်သိန်းဝန်းကျင်ရှိကြောင်း သိရသည်။

စပျစ်ကုန်သည်များက ခြံထဲအထိ ဆင်းဝယ်ပြီး သုံးပိဿာဝင် ကတ်ထူပုံးများဖြင့် ထည့်သွင်းထုပ်ပိုး၍ ရန်ကုန်၊ မော်လမြိုင်၊ မူဆယ်၊ မန္တလေးသို့ ကားများဖြင့် အများဆုံးတင်ပို့ရောင်းချကြောင်း သိရသည်။

စပျစ်ပင်သည် အပင်စစိုက်၍ တစ်ခါရင်းထားရုံဖြင့် နှစ်ရှည်ခူးဆွတ်ရောင်းချနိုင်သဖြင့် နှစ်စဉ်ပုံမှန်ဝင်ငွေရရှိနိုင်သော အပင်ဖြစ်သည်။ ရာသီဥတုအနေဖြင့်လည်း မိုးနည်းဒေသ အပူဒဏ်ခံအပင်မျိုးဖြစ်သည်။

စပျစ်သည် စိုက်ပျိုးသူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးစေသလို ဒေသခံများအတွက်လည်း အလုပ်အကိုင်များ ရရှိစေသည်။ စပျစ်လုပ်ငန်းနှင့် ဆက်စပ်ရောင်းဝယ်သူများအတွက်လည်း အကျိုးရှိစေသော လုပ်ငန်းဖြစ်သည်။ သည့်အတွက် သင့်တော်သည့် မြေနေရာဝန်းကျင်တွင် စပျစ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေလည်းရ၊ အလုပ်အကိုင်လည်း ရစေနိုင်ပါကြောင်း စပျစ်စိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းမှုကို ရေးသားဖော်ပြလိုက်ရပါသည်။ ။

စိုက်ပျိုးရန် ပျိုးထောင်ထားသော စပျစ်ပျိုးပင်များကို တွေ့ရစဉ်။

▲ *ကျောဖုံးမှ*

အကျိုးစီးပွားအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရမည့်တာဝန်ကို မျက်ခြည်မပြတ် မဖြစ်မနေကြိုးပမ်းလုပ်ဆောင်ကြရမည်ဟူသော ခိုင်မာပြင်းပြသည့် ခံယူချက်စိတ်ဓာတ်ဖြင့် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက တိကျခိုင်မာသော မူဝါဒချမှတ်ပေးမှုအပေါ် ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစွာဖြင့် လက်တွေ့နည်းလမ်းများကို ရှာဖွေဖော်ထုတ် ကြိုးပမ်းကြံဆအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

ပညာရှင်များအခန်းကဏ္ဍ၊ တောင်သူလယ်သမားများ အခန်းကဏ္ဍ၊ လုပ်ငန်းရှင်များ အခန်းကဏ္ဍကို ဟန်ချက်ညီစွာ ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ရာတွင် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုရှိစွာဖြင့် ညီညီညွတ်ညွတ်၊ စည်းစည်းရုံးရုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အခြေခံတောင်သူလယ်သမားအများစု၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်လာပါက တိုင်းပြည်စီးပွားရေးတိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပြီး ရေမြင့်လျှင်ကြာတင့်မှုဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ လစာနှင့်စရိတ် ချီးမြှင့်ထောက်ပံ့ငွေအပါအဝင် လူနေမှုဘဝများ မလွဲမသွေ တိုးတက်ခံစားရရှိစေမည်ကို ခိုင်ခိုင်မာမာယုံကြည်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စေတနာ၊ ရည်မှန်းချက်ကို သိရှိနားလည်ပြီး ယခုထက် ပိုမိုစည်းရုံးညီညွတ်စွာဖြင့် ပိုမိုတက်ကြွစွာ လုပ်ငန်း၊ တာဝန်များအပေါ် နှစ်ဆတိုးတက် ကြိုးစားအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိုင်ငံ့ဝန်ထမ်းများအပေါ် နိုင်ငံတော်၏ စေတနာနှင့်ဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုများကို သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များအပေါ် စည်းလုံးညီညွတ်စွာဖြင့် ကြိုးစားအကောင်အထည်ဖော်ကြရန်နှင့် ဝန်ထမ်းများအား ယခုထက်ပိုမို ထောက်ပံ့ကူညီပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးခင်ဇော်က ဝန်ထမ်းများအနေဖြင့်ညီညီညွတ်ညွတ် စည်းစည်းရုံးရုံးဖြင့် ပိုမိုကြိုးစားဆောင်ရွက်သွားကြရန်နှင့် ယခုထက်နှစ်ဆတိုးပြီး လုပ်ငန်းများ တိုးတက်ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်း ၂၃၇၆ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဌာနကိုးခုမှ ဝန်ထမ်းများကိုယ်စား သက်ဆိုင်ရာဌာနညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက စောင်များကိုလည်းကောင်း၊ဒုတိယဝန်ကြီးဦးခင်ဇော်က ဝတ်စုံများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ ဝန်ထမ်းကိုယ်စားလှယ်များက လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ရခိုင်ပြည်နယ်မှ*

ငွေကျပ် ငါးသိန်းနှစ်သောင်းတန်ဖိုးရှိ အဝတ်အထည်နှင့် စားသောက်ကုန်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ငွေကျပ်လေးသောင်းခုနစ်ထောင့်ခြောက်ရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ အလုပ်သမားဝန်ကြီးဌာနက ငွေကျပ်တစ်သောင်းခြောက်ထောင့်ငါးရာတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်က ငွေကျပ်တစ်သောင်းလေးထောင်တန်ဖိုးရှိ အဝတ်အထည်မျိုးစုံတို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် သမဝါယမတက္ကသိုလ် (သန်လျင်)တို့ ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို ဇွန် ၂၀ ရက်က သမဝါယမတက္ကသိုလ်၌ ကျင်းပခဲ့ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ဆုရရှိသော ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင်အမျိုးသမီးရေးရာ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တောင်ကြီး၌ဟောပြော

တောင်ကြီး ဇွန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ နည်းပညာတက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဇွန် ၁၂ ရက်က ကျင်းပရာ **(အောက်ပုံ)** ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး မောင်မောင်ဝင်းက ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ ဥပဒေများအကြောင်းကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးနင်းသူများ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့် အချက်များကိုလည်းကောင်း ပရိုဂျက်တာလက်တော့ပ်ဖြင့် အသီးသီးရှင်းလင်းပြောကြားကြသည်။

ယင်းအခမ်းအနားကို ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလက်ကမ်းစာစောင်များဝေငှခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ်ကညန)**

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ကိုရီးယားဘုန်းတော်ကြီး ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ကိုရီးယားဘုန်းတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ Ven. Mon Tak ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** မြန်မာ-ကိုရီးယားနှစ်နိုင်ငံ သာသနာရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ ရုံးအဖွဲ့မှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

✽ *ကျောဖုံးမှ*

အဆိုပါ မီးစက်ခြောက်လုံးသည် မြန်ရွှေပြည်ကုမ္ပဏီ (MSP Tractors Pte .,Ltd.) ကတင်သွင်းသည့် အမေရိကန်နိုင်ငံမှ ထုတ်လုပ်သော CATERP-ILLER အမျိုးအစား (1.8) MVA ဓာတ်အားပေးစက်များ ဖြစ်ကြောင်း၊ ယနေ့ နံနက် ၈ နာရီတွင် ပင်လယ်ရေကြောင်းခရီးစဉ် အမှတ်(၁၈၁) MOROTAI သင်္ဘောဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ မြန်မာ့စက်မှုဆိပ်ကမ်းသို့ ဆိုက်ကပ်လာခဲ့ကြောင်း၊ ယင်းမီးစက်ခြောက်လုံးအား ကရိန်းယာဉ်များအသုံးပြု၍ ကွန်တိန်နာအတွင်းမှထုတ်ယူစစ်ဆေးပြီး သီးခြားမော်တော်ယာဉ်များပေါ်သို့ ပြောင်းရွှေ့တင်ဆောင်ကာ မန္တလေးတိုင်းဒေသကြီးသို့ နှစ်လုံး၊ မုံရွာမြို့သို့ တစ်လုံး၊ ပြည်မြို့သို့တစ်လုံး ပို့ဆောင်ခဲ့ကြောင်းနှင့် ကျန်ရှိသော နှစ်လုံးမှာ ရန်ကုန်တိုင်းဒေသကြီးတွင် အသုံးပြုရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

(၂)	ကြည်း ၃၃၄၈၃ ဗိုလ်မှူးအောင်ဇေငြိမ်း	(အစား)	ကြည်း ၂၁၀၈၂ ဗိုလ်မှူးကျော်မင်းထွဋ်

မွန်ပြည်နယ်လွှတ်တော်

(၃)	ကြည်း ၂၉၄၀၈ ဗိုလ်မှူးဇော်ထက်	(အစား)	ကြည်း ၂၈၀၃၄ ဗိုလ်မှူးဇော်လင်းအောင်

ရခိုင်ပြည်နယ်လွှတ်တော်

(၄)	ကြည်း ၂၅၅၅၀ ဗိုလ်ကြီးသိန်းထွန်းဦး	(အစား)	ကြည်း ၂၈၃၇၅ ဗိုလ်မှူးအောင်ဇင်သန်း

အမိန့်အရ
(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရခိုင်ပြည်နယ်အတွက် ငွေကြေးနှင့် အခြားပစ္စည်းများ ပေးပို့လှူဒါန်းလိုပါက ဆက်သွယ်နိုင်

စစ်တွေ ဇွန် ၂၂

ရခိုင်ပြည်နယ်၌ လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသော ပြည်သူများအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့သော အမိုးအကာနှင့် စားသောက်ကုန်ပစ္စည်းများကို ဖြန့်ဝေပေးလျက်ရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေး ဗဟိုကော်မတီက ပြောကြားသည်။

စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့သော အမိုးအကာနှင့် စားသောက်ကုန်ပစ္စည်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကယ်ဆယ်ရေး၊ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းဆပ်ကော်မတီက သက်ဆိုင်ရာပြည်သူများထံ ဖြန့်ဝေပေးလျက်ရှိရာ ဇွန် ၁၂ ရက်မှ ၁၉ ရက်အထိ ဖြန့်ဝေပေးမှုအခြေအနေမှာ ရွက်ဖျင်တဲ ၂၅၀၊ မိုးကာ ၁၂ ခု၊ ဘေထုပ် ၁၈၇ ထုပ်၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုး ၁၀၀၀ စုံ၊ ခေါက်ဆွဲ စက္ကူဖာ တစ်ခုလျှင် ၁၈၀ ထုပ်ပါ စက္ကူဖာ၂၇၁ ဖာနှင့် ၁၆၈ ထုပ်၊ ငါးသေတ္တာ ၈၆ ဖာ၊ ဆပ်ပြာကရင်(မ်) ၆၆ ထုပ်၊ ငါးပိသာ ၄၀၀၊ ဆန်အိတ် ၃၁၄၇ အိတ်၊ ပဲ ၁၄၈ အိတ်၊ ဆီ ၂၂၃၂ လီတာ၊ ဆား ၅၀ ကျပ်သားထုပ် ၁၆၁၀ ထုပ်တို့ ဖြစ်ကြောင်း သိရှိရသည်။

စေတနာရှင်ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ငွေကြေးနှင့်အခြားပစ္စည်းများ ပေးပို့လှူဒါန်းလိုပါက ရခိုင်ပြည်နယ်ရှိ အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်-

(က) ဦးစိုးအေး ပြည်နယ်ဝန်ကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ဖုန်း-၀၉-၈၅၂၈၁၂၁၊ ၀၄၃-၂၂၆၅၅
(ခ) ဦးခင်မောင်လွင် ညွှန်ကြားရေးမှူး၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ရခိုင်ပြည်နယ် ဖုန်း-၀၉-၈၅၂၂၄၂၅၊ ၀၄၃-၂၄၃၁၆
(ဂ) ဦးကျော်သန့်လွင် ပြည်နယ်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန ရခိုင်ပြည်နယ် ဖုန်း-၀၉-၈၆၁၁၃၁၉၊ ၀၄၃-၂၃၃၇၆

(မြန်မာ့အလင်း)

ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ သင်္ဘောဖြင့်သွားရောက်ပေးပို့၊ အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၂

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများလတ်တလော ရပ်တည်နိုင်ရေးအတွက် အဝတ်အစား၊ စားသောက်

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလှူရှင်များလှူဒါန်းထားသော ဆန်အိတ်များ၊ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းနှင့် စာရေးကိရိယာများစသည့် ထောက်ပံ့ရေးပစ္စည်းများကို ဗိုလ်တထောင်ဆိပ်ကမ်းမှ ရခိုင်ပြည်နယ်သို့ သင်္ဘောဖြင့်တင်နိုင်ရန် ကားဖြင့်သယ်ချနေစဉ်။ (သတင်းစဉ်)

ကုန်နှင့် လူသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လှူဒါန်းထားသော ဆန်အိတ် ၈၀၀၊ Calsome ကွေကာ ၇၇ ပုံး၊ စွန်ပလွံ့ယို ငါးတန်ရှိ ပုံး ၂၅၀၊ စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းနှင့် စာရေးကိရိယာများစသည့် ထောက်ပံ့ရေးပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဆိပ်ကမ်းမှ သင်္ဘောဖြင့် ရခိုင်ပြည်နယ်သို့ ပေးပို့ခဲ့သည်။

ထိုသို့ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ရာတွင် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်သူရတို့က အနီးကပ်ကြီးကြပ်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၅၀ တို့က ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသည်။

အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း၊ M.K Trading Co.,Ltd. မှ ဦးသန်းထွန်းက မာမား ခေါက်ဆွဲခြောက်ထုပ် ၅၄၀၀၀၊ မြန်မာတိုကီဝါကော်ပိုရေးရှင်းက ခဲတံ ၃၇၅ ဂရော့စ်၊ ရောင်စုံခဲတံဒါဇင် ၃၆၀၀၊ M.K Trading Co., Ltd. မှ ဦးရဲမျိုးမင်းက ငွေကျပ်လေးဆယ့်သုံးသိန်း ငါးသောင်းတန်ဖိုးရှိ ငါးသေတ္တာဘူးသေး ၁၅၀၀၀၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းက ဆန်အိတ် ၂၀၀ အတွက် ငွေကျပ် သိန်း ၃၀၊ Myanmar Information Technology Co.,Ltd. က ငွေကျပ် နှစ်ဆယ့်နှစ်သိန်း တစ်ထောင်၊ Thet Trading Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းသန်းထွဋ်က ငွေကျပ် နှစ်ဆယ့်တစ်သိန်း ခြောက်သောင်းတန်ဖိုးရှိ ကော်ဖီမစ်ပုံး ၁၀၀ နှင့် အဝတ်အထည်နှစ်ထုပ်၊ တာချီလိတ်မြို့နယ်မှ စေတနာရှင်များက ငွေကျပ် ၁၅ သိန်း၊ ဆည်မြောင်းဦးစီးဌာန ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲက ငွေကျပ်ငါးသိန်းတစ်သောင်းရှစ်ထောင့်ငါးရာနှင့် အဝတ်အထည် ၁၀ ပုံး၊ ဆည်မြောင်းဦးစီးဌာန စီမံရေးရာဌာနခွဲက ငွေကျပ်ရှစ်သောင်းလေးထောင်နှင့် အဝတ်အထည်နှစ်ပုံး၊ ဂျပန်နိုင်ငံရောက် စေတနာရှင်မြန်မာများက ငွေကျပ်ငါးသိန်း၊ အင်ကြင်းမေ၊ သူဇာကျော်၊ မချိုအေး (ညော့်လမ်းညွှန်) တို့က ငွေကျပ်သုံးသောင်း၊ ဦးတင်မောင်ဦး (ညော့်လမ်းညွှန်)က ငွေကျပ်ငါးသောင်း၊ ဦးတင်မိုး-ဒေါ်ခင်ချိုသန်း (ထူးမှထူးတိုင်းရင်းဆေးလုပ်ငန်း) က ငွေကျပ်ခုနစ်သောင်းတန်ဖိုးရှိ တိုင်းရင်းဆေး ၁၀ ဒါဇင်၊ ဦးထင်အောင်ကြည်-ဒေါ်ခင်သန္တာဦးက အဝတ်အထည်နှစ်ထုပ်၊ ဒေါ်သဇင်၊ သား မောင်မိုးသုက ငွေကျပ်တစ်သောင်း ငါးထောင်နှင့် အဝတ်အထည် နှစ်ထုပ်၊ ဒေါ်အေးအေးကြူမိသားစုက အဝတ်အထည် နှစ်ထုပ်၊ Impact Co.,Ltd. က ငွေကျပ်တစ်သိန်း ရှစ်သောင်းတန်ဖိုးရှိ Good ခေါက်ဆွဲခြောက်ပါကင် ၃၀၊ ဦးသန်းဆွေ-ဒေါ်မြစီက ငွေကျပ် နှစ်သောင်း၊ ဦးမြင့်စိုး -ဒေါ်မြင့်မြင့်ဝင်းက ငွေကျပ် ခြောက်ထောင်၊ ဦးဖြူသာထူးက ငွေကျပ်ငါးသိန်းငါးသောင်း၊ ဦးတင်လှ-ဒေါ်လှမြင့်က အဝတ်အထည် ခုနစ်အိတ်၊ UNFPA က ပစ္စည်းအထုပ် ၂၀၊ မြန်စတားအထည်ချုပ် Union Success Shipping Co., Ltd. က ငွေကျပ်နှစ်သိန်းတစ်သောင်းရှစ်ထောင်တန်ဖိုးရှိ အဝတ်အထည်နှစ်ထုပ်၊ လောကနတ်ကဖီး Golden Star စားသောက်ဆိုင်ဝန်ထမ်းများနှင့် မိသားစုက ငွေကျပ်ငါးသောင်း၊ အဝတ်အထည်တစ်ထုပ်၊ ပန်းကန်တစ်ဖာ၊ ခေါက်ဆွဲခြောက်နှစ်ဖာ၊ ဦးဝင်း-ဒေါ်အေးအေးကြည်မိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါ်ကြည်ကြည်သင်းက အဝတ်အထည် ငါးထုပ်၊ ဦးချစ်ဆွေ-ဒေါ်အေးအေးစန်းမိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါ်ခင်စိုးစိုးမိသားစုက အဝတ်အထည်သုံးထုပ်၊ ဦးနေမင်းက ငွေကျပ်တစ်သိန်းတစ်သောင်းတစ်ထောင်၊ မတင်နွယ်ဝင်းနှင့် မအေးသဥ္ဇာတို့က အဝတ်အထည်နှစ်ထုပ်၊ ဦးထွန်းဝင်း-ဒေါ်တင်ရီမိသားစုက ငွေကျပ်နှစ်သောင်းငါးထောင်နှင့် စောင်တစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ် ဘဏ္ဍာရေးဌာနက ငွေကျပ်တစ်သိန်း၊ ပျော်ဘွယ်မြို့ မြင်းဘက်ရပ်နေ ဦးလှအောင်ရွှေဆိုင် ဦးလှအောင်-ဒေါ်ရင်မြမိသားစုက ငွေကျပ်နှစ်သိန်း၊ ကျေးဇူးရှင်မိဘနှစ်ပါးအားရည်စူး၍ သား ဦးမြင့်ထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန)နှင့် သမီးများက ငွေကျပ်တစ်သိန်း၊ မီးပုံးပျံ ပညာရှင်ဒေါက်တာ သန်းဝင်း-ဒေါ်နန်းမွန်မြတ်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိုးမင်းဦး - ဒေါ်ယုယုမော် မိသားစုက ငွေကျပ်သုံးသောင်းနှင့် ပန်းကန် ၂၂ ပါကင်၊ စားပွဲတင်နာရီ တစ်လုံး၊ ကိုအာကာဝင်း - မစုစုက ငွေကျပ်နှစ်သောင်း၊ မိုးကြိုးဆာလ်ဗျူရစ်အက်စစ်စက်ရုံဝန်ထမ်းများက ငွေကျပ်တစ်သိန်းငါးထောင်၊ ဦးမြင့်ထွန်း-ဒေါ်လှလှအေး (ဝိဇ္ဇာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း) က ငွေကျပ်တစ်သိန်း၊ အင်းစိန်ရွာမ ဗလီအကျိုးဆောင်အဖွဲ့က ငွေကျပ်တစ်သိန်းငါးသောင်း၊ ကပ္ပတိန်အောင်ကျော်မိုး-ဒေါ်ဌေးဌေးဇံမိသားစုက ငွေကျပ်တစ်သိန်း၊ ကပ္ပတိန် ဦးဝဏ္ဏထွန်း-ဒေါ်ခင်မျိုးသွယ်မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်အေးမိသားစုက ငွေကျပ်သုံးသောင်းနှင့် အဝတ်အထည်နှစ်ထုပ်၊ ဒေါက်တာချောစုလတ်နှင့် ဒေါက်တာချမ်းမြေ့အေးတို့က ငွေကျပ်ငါးသောင်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိ အလှူငွေရရှိမှုစုစုပေါင်းမှာ ငွေ ၁၅၅၇၉၂၆၇၆ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အန္တရာယ်ကိုဖိတ်ခေါ်နေသည့် သက်တမ်းရင့်အုန်းပင်များ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံတွင် အနောက်တောင်မုတ်သုံလေ တသုန်သုန်ဖြူးကာ မိုးဖွဲ့ဖြိုင်ဖြိုင်ရွာသွန်းသော ဝသန္တမိုးလရာသီသို့ ဝင်ရောက်ခဲ့ပြီ ဖြစ်သည်။ မိုးသက်လေကြောင့် လောကဓာတ်တစ်ခွင်လုံး အေးမြသာယာနေပြီဖြစ်သည်။ မိုး၏ကျေးဇူးကြောင့် နွေရာသီတုန်းက ခြောက်သယောင်း

လုလုရှိနေခဲ့ကြသော သစ်ပင်ပန်းမန်တို့မိုးရေကို သောက်သုံးကာ စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမှာ သာသာယာယာ ရှိနေသည်။

မိုးရာသီအစ ဇွန်လဆန်းက အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ အနာဂတ်တွင် နိုင်ငံ၏သားကောင်းရတနာများဖြစ်လာမည့် ကျောင်းသားကျောင်းသူများ ပညာရည်နို့သောက်စို့ရန် နံနက်စောစောတွင် ကျောင်းသို့သွားနေသည့် မြင်ကွင်းကလည်း မိုးရာသီ၏ စိမ်းစိုလန်းဆန်းသည့် မြင်ကွင်းကို ထပ်လောင်းအားဖြည့်ပေးနေပြန်သည်။

မိုးရာသီတွင် ယင်းကဲ့သို့သော အားတက်ဖွယ်ရာဖြစ်ရပ်များ၊ စိတ်ချမ်းမြေ့ဖွယ်ရာ မြင်ကွင်းများနှင့် ပြည့်နှက်နေသကဲ့သို့ မိုးရာသီနှင့်အတူ ဒွန်တွဲလိုက်ပါလာတတ်သည့် သဘာဝဘေးအန္တရာယ်များကလည်း အများအပြားရှိနေသည်။ မိုးကြိုးအန္တရာယ်၊ မိုးသက်လေပြင်းအန္တရာယ်၊ လျှပ်စစ်အန္တရာယ်၊ လေပြင်းကြောင့် သက်တမ်းရင့်အပင်များ ကျိုးကျမည့် အန္တရာယ်များမှာ ပြည်သူများအကြား မကြာခဏ ရင်ဆိုင်ရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်သည်။

တစ်နေ့တွင် ရန်ကုန်မြို့တွင်းလှည့်လည်သွားလာရင်း လမ်းသွားလမ်းလာပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ယာဉ်များအတွက် အန္တရာယ်ဖြစ်စေနိုင်မည့် သက်တမ်းရင့်အပင်များကို လမ်းဘေးတွင် တွေ့ရှိခဲ့ရသည်။ ယင်းသစ်ပင်အိုများအနက် ရန်ကုန်မြို့ အလုံမြို့နယ် သီတာရပ်ကွက် ကုက္ကိုလမ်းနှင့် အင်ကြင်းလမ်းထောင့်အနီး ရေမြောင်းဘေးတွင် ပေါက်ရောက်သော သက်တမ်းရင့် အုန်းပင်ကြီးများသည်လည်း အပါအဝင်ဖြစ်ပါသည်။ **(ဝဲပုံ)**

အဆိုပါ အုန်းပင်ကြီးများ သက်တမ်းမှာ အတော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး အလွန်မြင့်မားကာလမ်းမကြီးအပေါ်သို့ ကိုင်းလျက်၊ ယိမ်းယိုင်လျက်ရှိပါသည်။ ယင်းအုန်းပင်များမှ အုန်းသီးများလည်း လမ်းပေါ်သို့ မကြာခဏ ကြွေကျလေ့ရှိပါသည်။

အကယ်၍ မိုးသက်လေပြင်းကျရောက်ခဲ့ပြီး ယင်းအုန်းပင်များ လမ်းပေါ်သို့ ကျိုးကျခြင်းများဖြစ်ပေါ်ပါက ယင်းလမ်းကိုအသုံးပြုသွားလာနေသော ပြည်သူများ၊ မော်တော်ယာဉ်များအတွက် အန္တရာယ်ကျရောက်နိုင်ပါသဖြင့် အန္တရာယ်မဖြစ်မီ သက်ဆိုင်ရာက ကြိုတင်ကာကွယ် ရှင်းလင်းခုတ်လှဲသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ **(ချစ်စိုးအောင်)**

သဒ္ဓါ ပညာဖြင့် ဘယာကင်းစေ

သဒ္ဓါ

သဒ္ဓါသည် ယုံခြင်းဖြစ်၏။ ဘုရားကို ယုံ၊ တရားကိုယုံ၊ သံဃာကိုယုံ၊ ကံကိုယုံ၊ ရွေ့လျားမှု (အနိစ္စသဘာဝ) ကို ယုံခြင်းများ. . . အစိုးရကို ယုံ၊ လွှတ်တော်ကိုယုံ၊ ပါတီကိုယုံ၊ အဖွဲ့အစည်းကိုယုံ၊ ပြည်သူကို ယုံခြင်းများ. . . သားကိုယုံ၊ သမီးကိုယုံ၊ တပည့်ကိုယုံ၊ မန်နေဂျာကိုယုံ၊ ကန်ထရိုက်တာကို ယုံခြင်းများ စသည်ဖြင့် ဘဝနှင့်ယှဉ်သော ယုံခြင်း ယုံခြင်းများ။

ယုံခြင်းသည် ရက်ရောခြင်းကို ထပ်ဆင့်ဖြစ်စေသောကြောင့် သားကို ယုံလျှင် သားအပေါ် ရက်ရောခြင်း စသည်သာမက ရက်ရက်ရောရော လှူဒါန်းတတ်သူများကို "သဒ္ဓါတရားကောင်းလိုက်တာ" ဟုချီးမွမ်းတတ်ခြင်းများအထိ ကျယ်ပြန့်ပါသည်။

ယင်းသို့ ယုံရာဝယ် အထင်ယုံ၊ အမြင်ယုံ၊ အမှန်ယုံ၊ အမှားယုံ၊ ခိုင်မြဲယုံ၊ ယိုင်လဲယုံ၊ စွဲမြဲယုံ၊ ပြောင်းလဲယုံစသည် စသည် ယုံလေ့ရှိရာ အနှစ်ချုပ်ဆိုရလျှင် အမှန်ယုံနိုင်မှသာ ကောင်းကျိုးချမ်းသာ ပွားမည်ဖြစ်၍ အမှန်ယုံနိုင်ဖို့ ယုံခြင်းသဒ္ဓါကို အသိပညာနှင့် ပေါင်းပေးရပါမည်။

ပညာ

"ပ=ခွဲခြမ်းစိတ်ဖြာ၍+ညာ=သိမြင်ခြင်း"သည် ပညာဖြစ်ပါ၏။ ပညာသည် မှတ်သားခြင်း သညာထက် ပိုမြင့်၏။ သညာက ဖခင်ကို ဖခင်ဟု စိတ်ထဲစွဲမြဲမှတ်သားထားခြင်းမျိုးဖြစ်ပြီး ပညာကသော်မူ ဖခင်၏ကျေးဇူးဂုဏ်ကိုပါ သိမြင်တတ်ခြင်းအထိ မြင့်မြင့်မားမား မြင်နိုင်စွမ်းမျိုးဖြစ်ပါသည်။ မှတ်သားခြင်း သညာအားလျော်စွာ ယုံခြင်းသဒ္ဓါက ယုံတတ်ပြီး အယုံမမှားစေရန် အတွက်သော်မူ ပညာကဦးစီး ရှေ့ဆောင်ပါသည်။

ဖခင်ကို ဖခင်ဟု ယုံခြင်းသည် မမှား၊ သို့သော်(ဆိုပါရစေ) ပထွေးကို ဖခင်ဟုယုံနေခြင်းကား မှား၏။ ပထွေးကို ဖခင်ဟု အယုံမမှားဖို့ ပညာက ပိုင်းခြားပေးပါသည်။

ဘယာ

ဘယာသည် ဘေးရန်အန္တရာယ်ကို ဆို၏။ ဖြစ်နိုင်ခြေကို တင်ကြိုမျှော်မှန်းနိုင်သည်ဖြစ်စေ၊ မမျှော်မှန်းနိုင်သည်ဖြစ်စေ ဖြစ်ပွားလာသော ထိတ်လန့်ဖွယ်၊ တုန်လှုပ်ဖွယ်၊ ကြောက်လန့်ဖွယ်ဟူသမျှသည် ဘယ=ဘေးမည်ပါ၏။ မီးဘေး၊ ရေဘေး၊ လေဘေး၊ ရာသီဥတု ဖောက်ပြန်မှုဘေးစသည့် ပကတိဘေးများ၊ သက်ရှိသတ္တဝါတွေကြောင့်ဖြစ်ပွားသည့် ဝိကတိဘေးများဟု ဘေးနှစ်မျိုး အနှစ်ချုပ်ရှိပါသည်။

မီးဘေးရေဘေးစသော ပကတိဘေးများ ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်မျိုးတွင် ခံစားရသူများရောပတ်ဝန်းကျင် မြင်ရကြားရသူများပါ ယင်းဘေးမှ လွတ်မြောက်အောင် ဆောင်ရွက်ကြရာ၌ တညီတညွတ်တည်းရှိကြသလောက် ဝိကတိဘေးနှင့်ပတ်သက်လျှင်မူ တစ်ယောက်တစ်ပေါက်ဖြစ်တတ်ကြသည်မှာ လူ့သဘာဝဟုပင် ဆိုရမလိုဖြစ်နေ၏။

သာဓကအဖြစ် ပကတိ(သဘာဝ) ဘေးများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး စသည်တို့၌ ကြုံတွေ့ခဲ့ရသည့် နာဂစ်မုန်တိုင်းဘေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ကြုံတွေ့ခဲ့ရသည့်လျှင်ဘေး စသည်တို့တွင် ဒေသမျှသာမက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ပါ တညီတညွတ်တည်း ဘယာကင်းအောင် အားတင်းမာန်ပြည့် ဖြည့်ပေးနိုင်ခဲ့ကြခြင်းနှင့် ဝိကတိ(လူလုပ်) ဘေးများ ဖြစ်သော ယနေ့ ဆီးရီးယား၊ ကဒါဖီလွန်လစ်ဗျား၊ မူဘာရက်လွန် အီဂျစ် စသည်တို့၌ သော်မူ ဘယာကင်းအောင် တညီတညွတ်တည်း မစွမ်းဆောင်နိုင်ကြဘဲ အကွဲကွဲအပြားပြား တစ်ယောက်တစ်ပေါက်ဖြစ်နေရင်း တစ်ရက်ပြီး တစ်ရက် ဘေးတွေက တစ်ဆက်ပြီး တစ်ဆက်ဖြစ်နေခြင်း . . . . ဖြစ်နေခြင်းများ။

အကုသိုလ်ဇောတွေ

မကြာမတင်ကာလက မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် မမျှော်လင့် မထင်မှတ်လောက်အောင် ဝိကတိ(လူလုပ်) ဘေးတစ်ခု ဖြစ်ပေါ်လာခဲ့ရာဝယ် အကြောင်းရင်းကို ဓမ္မဓိဋ္ဌာန်ကျကျ ပိုင်းခြားစိတ်ဖြာကြည့်လျှင် လူ့အသိ ပျောက်စေသည့် လောဘ၊ တဏှာ၊ ဒေါသ၊ မောဟဇောများ စောခြင်း၊ ပြန်လည်တုံ့ပြန်မှုဟူသော ဒေါသဇော၊ ယင်းသို့ တုံ့ပြန်အောင် လျင်မြန်စွာ လှုံ့ဆော်ပေးသော မောဟဇောများ စောခြင်းတို့ကြောင့် အကုသိုလ်ဇောလောင်မီးက လူ့အသက်၊ လူ့စည်းစိမ်၊ လူ့အိုးအိမ်တွေကို လောင်ကျွမ်းသွားစေခြင်းဖြစ်ကြောင်း တွေ့ရှိရ၏။

ပုဂ္ဂလ အကုသိုလ်ဇောတွေမှ တစ်ဆင့် မုန်းတီးမှု၊ လက်စားချေလိုမှု ဟူသော အကုသိုလ်ဇောတွေ ပြင်းထန်ကျယ်ပြန့် ဖြစ်ပွားလာခြင်းဖြစ်ကြောင်း တွေ့မြင်ရပါသည်။

နိုင်ငံတော်သမ္မတ၏ မေတ္တာရပ်ခံချက်

ဤတွင် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်က မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်ကို ၂၀၁၂ ဇွန် ၁၀ ရက်မှာ ရုပ်သံမီဒီယာများမှတစ်ဆင့် ပြောကြားခဲ့ရာဝယ် "ဖြစ်ခဲ့ပြီးသော ကိစ္စရပ်များအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သလို နောင်မဖြစ်ပွားအောင် တည်ဆဲဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားမှာဖြစ်ပြီး ဆုံးရှုံးနစ်နာရသူများအတွက်လည်း တရားမျှတမှုရှိအောင် အလေးထား ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖပြည်သူများနှင့် ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း" ကတိပြုပြောကြားလျက်

၁။ ပြည်သူအားလုံး မျှော်မှန်းတည်ဆောက်နေကြသည့် ဒီမိုကရေစီဖော်ဆောင်ရေး၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိမှသာ ဖော်ဆောင်အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

၂။ ယင်းသို့ ဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ၌သာ တာဝန်ရှိခြင်းမဟုတ်မူဘဲ ပြည်သူများအပိုင်းကလည်း အသိတရားနှင့်ယှဉ်ကာ ဥပဒေများကို လေးစားလိုက်နာကြဖို့ လိုအပ်ပါကြောင်း။

၃။ အထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ၊ လူထုလူတန်းစားအဖွဲ့အစည်းများနှင့် မီဒီယာ (မီဒီယာအားလုံး)များကပါ အသိတရား၊ သတိတရားတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း ထောက်ပြရင်း "သတိတရားကိုအခြေခံ၊ အသိတရားနှင့် မေတ္တာတရားပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကာကွယ်ထိန်းသိမ်းဖော်ဆောင်ပေးကြဖို့" မေတ္တာရပ်ခံပန်ကြားခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး

ယင်းနည်းတူပင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ကြီးကလည်း "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ ပြည်သူ ပြည်သားအပေါင်းတို့" ဟု အစချီကာ သြဝါဒကထာ ချီးမြှင့်ရာဝယ် "ယနေ့အချိန်အခါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ အနေဖြင့် မိမိတို့မျှော်မှန်းခဲ့ကြသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသော လောကီအရေးအရာကိစ္စများတွင် အခြေအနေကောင်းသို့ ဖန်တီးနေချိန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မိမိတို့ သက်ဝင်ယုံကြည်ရာ ဘာသာအသီးသီး တိုးတက်ထွန်းကား ပြန့်ပွားအောင် ဆောင်ရွက်နိုင်မည့်အရေး မျှော်မှန်းလျက် တက်ကြွရွှင်လန်းဝမ်းမြောက်နေကြသည့် အချိန်ကာလဖြစ်ပေသည်" ဟု တစ်နှစ်ခွဲကျော်ကာလ အစိုးရသစ်လက်ထက် အချိန်ကို ရည်ညွှန်းရင်း ဤအချိန်ကာလမျိုးတွင် တက်ကြွရွှင်လန်းဝမ်းမြောက်မှု အစား ပျော့ကျညှိုးနွမ်း လန့်ကြောက်မှုများ ဖြစ်ပွားမလာအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် "မတော်တဆ ဖြစ်ပွားလာသော ပဋိပက္ခအမှုကို တန်ပြန်လက်စားချေလိုသည့်သဘောဖြင့် မဖြေရှင်းဘဲ အကြောင်းအကျိုး၊ အဆိုးအကောင်းကို ပညာဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားကာ မေတ္တာဖြင့် ဖြေရှင်းကြရန်" လမ်းညွှန်တော်မူပြီး အောက်ပါအတိုင်း သြဝါဒနိဂုံးကမ္ဗတ် ဖုံးတော်မူပါသည်။

" ပြည်သူပြည်သား ဘာသာဝင် ရဟန်းရှင်လူများတို့သည် မိမိတို့၏ စိတ်နှလုံးတွင် လောင်မြိုက်နေကြသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသည့် ငြိမ်းချမ်းရေး အသိတရား၊ မေတ္တာရေစင်ဖြင့် အတူတကွ သွန်းလောင်းကြလျက် တစ်ဦးအပေါ် တစ်ဦး မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မစိုရ်တရားများ ပွားများနိုင်ကြပါစေကြောင်း ဆန္ဒလောင်းလျက် သာရဏီယသြဝါဒတရား ချီးမြှင့်လိုက်ပါသတည်း "

ကုသိုလ်မှတ်တိုင်

ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်အတွင်း အကုသိုလ်ဇော ဖြစ်စဉ်ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ညင်သာစွာနှင့် ထင်သာမြင်သာစွာ စီမံမှု၊ ဘာသာရေး ဦးဆောင်တို့၏ မေတ္တာနှင့် ပညာကြီးမားစွာထား၍ လမ်းညွှန်မှု၊ စေတနာရှင်ပြည်သူတို့၏ သဒ္ဓါနှင့်ပညာဖြင့် ဝိုင်းဝန်းပံ့ပိုးမှု၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ အမြင်မှန်ပညာဖြင့် ကူညီဖေးမမှုတို့ကား ဒုက္ခရောက်ကြရသည့် ဒေသခံများသာမက တစ်နိုင်ငံလုံးရှိ နိုင်ငံချစ်ပြည်သူအပေါင်းတို့ကပါ ထာဝရ ကျေးဇူးတင်ရှိနေမည့်ကုသိုလ်မှတ်တိုင်ကြီး ဖြစ်ပါတော့သည်။

ဘယာကင်းစေ

ဒေါသကို ဒေါသဖြင့် တုံ့ပြန်နေသမျှ၊ ဒေါသကို ဒေါသဖြင့် တုံ့ပြန်အောင် ရှေ့ဆောင်နေသည့် မောဟနောက်သို့ လိုက်နေသမျှ လောကသည် မတည်ငြိမ်နိုင်၊ မငြိမ်းချမ်းနိုင်။ ဒေါသကို မေတ္တာဖြင့် တုံ့ပြန်နိုင်မှ၊ ဒေါသကို မေတ္တာဖြင့် တုံ့ပြန်နိုင်အောင် ရှေ့ဆောင်နေသည့် ပညာဉာဏ် ဆင်ခြင်တုံတရားနောက်သို့ လိုက်နိုင်မှသာ လောကသည် တည်ငြိမ်မည်၊ အေးချမ်းမည်။

သဒ္ဓါ ပညာဖြင့်သာ ဘယာကင်းစေပါလိမ့်မည်။ ။

ရတနာစည်ဆရာတော်
(လှိုင်လင်)

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ညောင်ရွှေဘဏ်ခွဲဖွင့်

နေပြည်တော် ဇွန် ၂၂

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ညောင်ရွှေဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ အဆိုပါဘဏ်ခွဲအဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာများ၊ ဘဏ်ခွဲတာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းဦးတို့က အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် ညောင်ရွှေဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘဏ်အတွင်း ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းဦးတို့ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ညောင်ရွှေဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မုတ်သုံလေဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇွန် ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၅ ဒသမ ဝ၈ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ပူတာအိုမြို့နှင့် ခန္တီးမြို့တို့တွင် ၂ ဒသမ ၇၅ လက်မစီ၊ အမ်းမြို့တွင် ၂ ဒသမ ၇၁ လက်မနှင့် ပလက်ဝမြို့တွင် ၂ ဒသမ ၅၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မုတ်သုံလေဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း ဘဝအမောပြေ

ဒီလိုလား — အာကာဟိန်း-ရေးသားသည်

စားသောက်ဆိုင်တစ်ဆိုင်တွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ စားပွဲတစ်လုံး၌ထိုင်ကာ စားသောက်လျက်ရှိကြစဉ် ရုတ်တရက် အမျိုးသားက စားပွဲအောက်သို့ ဝင်သွားရာ စားပွဲထိုးက လာရောက်၍ မေးမြန်းလေသည်။

စားပွဲထိုး ။ ။ အစ်မ… ဘယ်လိုဖြစ်တာလဲ။
အမျိုးသမီး ။ ။ ဘာဖြစ်လို့လဲ။
စားပွဲထိုး ။ ။ ဒီမှာထိုင်နေတဲ့ အမျိုးသား ဘယ်ရောက်သွားလဲ ကြည့်ပါဦး။
အမျိုးသမီး ။ ။ မကြည့်နိုင်ဘူး။
စားပွဲထိုး ။ ။ မဟုတ်သေးဘူး… အစ်မရဲ့ စားပွဲအောက်ကို ငုံ့ကြည့်ပါဦး။
အမျိုးသမီး ။ ။ မကြည့်ဘူးဆို. . . အသာနေစမ်း။
စားပွဲထိုး ။ ။ အစ်မက တော်တော်ကိုယ်ချင်းစာစိတ် နည်းတဲ့သူပဲ။
အမျိုးသမီး ။ ။ ကိုယ့်ဘာသာကိုယ် နေစမ်းပါ။
စားပွဲထိုး ။ ။ အစ်မကလည်းဗျာ…ကိုယ့်ယောကျ်ားကို စားပွဲအောက် ဝင်ခိုင်းရတယ်လို့… လူမြင်မကောင်းပါဘူး။
အမျိုးသမီး ။ ။ အသာနေစမ်း. . . ငါ့ယောကျ်ားက အခုမှ ဆိုင်ပေါက်ဝက ဝင်လာနေတာ။
စားပွဲထိုး ။ ။ " ဟိုက်"

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၆-၂၀၁၂

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း

နေ့လယ်ပိုင်း

၁၁း၂၅	ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား** (အပိုင်း-၁၅)

ညပိုင်း

၄း၄၅	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၃၀	အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း (နန်းတော်ရှေ့ ဆရာတင်၏သီချင်းများ၊ ဝင်းဦးသီဆိုသည်)
၅း၄၅	**မိုးလေဝသဖြစ်စဉ်နှင့် လူထုအသိပညာ ပြန့်ပွားရေး တွေ့ဆုံဆွေးနွေးခန်း**
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၃၅	**အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း** (ဖွေးဖွေး)
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ

ပေါက်ခေါင်းမြို့နယ်၌ ပုလဲသွယ်စံကွက်ရိတ်သိမ်း

ပေါက်ခေါင်း ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ရပ်သစ်ကျေးရွာ၌ နွေစပါးပုလဲသွယ်စံကွက်ရိတ်သိမ်းပွဲကို လယ်သမား ဦးမျိုးအောင်၏ လယ်မြေ ၃ ဒသမ ၀၀ ဧက၌ ဇွန်လ ၁၈ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ ပေါက်ခေါင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် နွေစပါးပုလဲသွယ် တစ်ဧက ၁၇၅ တင်း ထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

တံတားဦးမြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

တံတားဦး ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက် နံနက် ၇ နာရီက တံတားဦးမြို့နယ် ပေါင်းလှည်းကြီးကန်အနီး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိုက်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများက ကျွန်း၊ မဲဇလီ၊ ကုက္ကို၊ စိန်ပန်းနှင့် သရက်ပင် စုစုပေါင်း ၄၂၅ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၄၁၁)**

ရွှေလုပ်ငန်းဖွံ့ဖြိုးရေး အသိပညာပေးသင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ရွှေလုပ်ငန်းဖွံ့ဖြိုးရေး အသိပညာပေး ပညာဒါန အခမဲ့သင်တန်း အမှတ်စဉ် ၁/၂၀၁၂ ကို ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးခန်းမ၌ ဇွန် ၂၀ ရက် နံနက်က ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် ရွှေလုပ်ငန်းပညာရှင်ကြီးများဖြစ်ကြသော မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း(ဗဟို)ဥက္ကဋ္ဌ ဆရာကြီး ဦးသူတော်၊ ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း နာယက ဆရာကြီး ဦးဘသန်း (ဘသန်း အခေါက်ရွှေ)၊ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် **(အပေါ်ပုံ)** အတွင်းရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားကြသည်။

သင်တန်းတွင် ရွှေတူးဖော်ခြင်းလုပ်ငန်း၊ ရွှေသန့်စင်နည်း၊ ရွှေပန်းထိမ်အပ်နှံခြင်း၊ ရွှေအရည်အသွေးစစ်ဆေးခြင်း၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းပညာရပ်များကို ရွှေလုပ်ငန်းပညာရှင်ကြီးများက ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၄၂)

တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ ထင်းအစားထိုးလောင်စာ

ရေစကြို ဇွန် ၂၂

ဖေထွဏ်းဇော်(ရေစကြို)

ကျွန်ုပ်တို့အားလုံးသည် နေ့စဉ်စားသောက်ဖွယ်ရာများကို ချက်ပြုတ်ကြရာတွင် လောင်စာလိုအပ်ပေသည်။ အများအားဖြင့် ချက်ပြုတ်ရာတွင် ထင်းနှင့် မီးသွေးကို အားထားသုံးစွဲကြရသည်။ မီးသွေးရရန် သစ်ပင်ကို ခုတ်လှဲဖြတ်တောက်၍ မီးသွေး ဖုတ်ကြရသည်။ သို့အတွက်လည်း သစ်တောပြုန်းတီးလျက်ရှိသည်။ သစ်တောပြုန်းတီးမှုနည်းပါးစေရန် ထင်းအစားထိုးလောင်စာများကို စွန့်ပစ်ပစ္စည်းအမျိုးမျိုးမှ တီထွင်ထုတ်လုပ်ပြုပြင်၍ သုံးစွဲကြရာတွင် ကျောက်မီးသွေးတောင့်လောင်စာ၊ စပါးခွံတောင့် လောင်စာ၊ လွှစာတောင့်လောင်စာ စသည်ဖြင့် အမျိုးမျိုးတီထွင်ပြုလုပ် သုံးစွဲကြသည်များအနက် တိရစ္ဆာန်စွန့်ပစ်ပစ္စည်း နွားချေးနှင့် စပါးခွံကို အချိုးကျရောစပ်၍ အခြောက်ခံပြီး ထင်းအစားထိုးသုံးစွဲလျက်ရှိသည်မှာ ရပ်ဓလေ့၊ ရွာဓလေ့၊ တောဓလေ့ပင်ဖြစ်သည်။

ထိုအထဲတွင် ရေစကြိုမြို့နယ် ရေရှားကျေးရွာတွင် တစ်ရွာလုံးပြုလုပ် သုံးစွဲလျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က ပြောကြားခဲ့သည်။ နွားချေးနှင့် စပါးခွံကို အချိုးကျရောစပ်ထားသော လောင်စာပြားများကို သစ်ပင်များတွင်ကပ်၍လည်းကောင်း၊ ဝိုင်းထရံများတွင်ကပ်၍လည်းကောင်း၊ နေပူလှန်းအခြောက်ခံကြသလို အချို့လည်း တလင်းများ၊ ရွာနားနီးသော လယ်ကွင်းများတွင် လှန်းကြကြောင်း၊ ခြောက်သွေ့သွားပြီဆိုလျှင်စနစ်တကျစီထပ်၍ **(အောက်ပုံ)**အပေါ်မှ ကောက်ရိုးနှင့် နွားချေးကို ရောစပ်ကာ သရိုးကိုင်သလိုမျိုးပြုလုပ်ပြီး မိုးလုံလေလုံဖုံးအုပ်သိမ်းဆည်း သိုလှောင်ထားကြကြောင်း၊ မိုးတွင်းကာလတွင် အသုံးပြုရန်ဖြစ်ကြောင်း ၎င်းက ပြောပြသည်။

ဤသို့ဖြင့် ကျေးလက်တောရွာများတွင် တိရစ္ဆာန်နှင့် အသီးအပင်တို့၏ စွန့်ပစ်ပစ္စည်းများဖြင့် ထင်းအစားထိုးလောင်စာပြုလုပ်၍ ချက်ပြုတ်သုံးစွဲကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြု အလှဆင်လျက်ရှိနေကြသည်မှာ ချစ်စရာတောဓလေ့ပင်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲလူနာများအား မော်ကျွန်း၌ထောက်ပံ့

မော်လမြိုင်ကျွန်း ဇွန် ၂၂

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ်ရှိ မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များအား ခွဲစိတ်ပြုပြင်ပေးရန်အတွက် ထောက်ပံ့လှူဒါန်းငွေပေးအပ်ပွဲကို ဇွန် ၁၈ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးက မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင် ကလေးငယ်များ၏ဘဝပြန်လည်လှပအောင် ပြုစုပျိုးထောင်ပေးရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အလှူရှင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဘဏ္ဍာရေးမှူး ဒေါ်ထားထားလွင်က မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်လေးဦးတို့၏ မိဘများအား လှူဒါန်းငွေကျပ် ခြောက်သောင်းကို လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ ဇွန် ၂၂

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တောင်ငူမြို့ ထီးလှိုင်လမ်း ကျုံးဘေးတွင် ဇွန် ၁၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။ ရှေးဦးစွာ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမင်းထွန်းက ပျိုးပင်များကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့များသို့ ပေးအပ်သည်။

ထို့နောက် တောင်ငူခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းထွန်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းနိုင်တို့ ကြီးကြပ်၍ ယမနေပင်၊ ပိတောက်ပင်၊ ပန်းစွယ်တော်ပင်၊ ရေတမာပင်၊ မယ်ဇယ်ပင်၊ ကံ့ကော်ပင် စုစုပေါင်း ၁၁၀၄ ပင် စိုက်ပျိုးကြသည်။ **(အောက်ပုံ)** တောင်ငူခရိုင်အတွင်း သစ်တောဦးစီးဌာနမှ သစ်မျိုးပေါင်း ၁၆ မျိုး၊ အပင်ပေါင်း ခုနစ်သိန်း ပျိုးထောင်ထားပြီး ကျွန်းစိုက်ခင်းဧက ၁၁၅၀၊ သဘာဝတောထိန်း ဧက ၅၈၀၀၀ နှင့် သဘာဝတောတန်ဖိုးမြင့်စိုက်ခင်း ဧက ၁၄၇၀ တို့ကို ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်

မိုးမောက် ဇွန် ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်းတို့ ပူးပေါင်းကျင်းပသော ကျေးရွာအဆင့် အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြင့်စိုးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း တာဝန်ခံဒေါ်ခင်စောမူက လူမှုဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ဗန်းမော်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြင့်စိုး၊ ဗန်းမော်မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဖြိုးဝေနှင့် မိုးမောက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာဗိုလ်ဗိုလ်ထွေးတို့ကသင်တန်းပို့ချကြရာ မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၃ရွာမှ ကိုယ်စားပြုသင်တန်းသား ၃၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပုံကျစျေးသည်များအား ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် တာမွေကြီး (ခ) ရပ်ကွက် ၁၆၇ လမ်း နေအိမ်များ ဥပစာရှေ့လမ်းပေါ်တွင် လမ်းဘေးကျူးကျော်ပုံကျစျေးသည်များက အညစ်အကြေးများကို လမ်းပေါ်တွင် စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် လမ်းနေပြည်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် လမ်းပိတ်ဆို့မှုကြောင့် ယာဉ်အန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။ **၁၆၇လမ်းသား**

သန့်စင်ခန်းဆောက်ပေးစေလို

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် ညောင်တုန်းလမ်းမနှင့် ကျန်စစ်သားလမ်းမကြီး နေရာပတ်ဝန်းကျင်အနီးရှိ ဆေးခန်း၊ ဈေး၊ ကျောင်း စုပေါင်းရုံးများ တည်ရှိရာနေရာများသည် လူစည်ကားရာနေရာဖြစ်သဖြင့် လူအများကြုံသလို အပေါ့၊ အလေးသွားနေရသောကြောင့် သက်ဆိုင်ရာမှ သန့်စင်ခန်းတစ်ခု ဆောက်လုပ်ပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါသည်။ **လှိုင်သာယာသား**

အမှိုက်ပုံကြီးရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့သစ် အနော်ရထာရပ်ကွက် ခန်းလောင်းရပ်နှင့်သိုက်တိုင်ရပ်ကွက်ရှိ အမှိုက်ပုံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အနံ့ဆိုးများခံစားရပြီး သွားရေးလာရေးခက်ခဲနေပါသဖြင့်ရှင်းလင်းဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။ **သိုက်တိုင်သား**

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်
သွေးလှူရှင်များနှင့် သွေးဘဏ်လုပ်ငန်းအလှူရှင်များ ဂုဏ်ပြု

ကျောက်ဆည် ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် သွေးလှူရှင်များနှင့် သွေးဘဏ်လုပ်ငန်းအလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ ဆေးရုံကြီး၌ ကျင်းပသည်။ အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင်က အမှာစကားပြောကြားပြီး ရောဂါဗေဒ အထူးကုဆရာဝန် ဒေါက်တာသန်းထွန်းအောင်က သွေးဘဏ်လုပ်ငန်းအကြောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှု အခြေအနေများပြောကြားသည်။ ထို့နောက် ဆေးရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက သွေးလှူဘဏ်သုံး လေအေးပေးစက် အလှူရှင် ရုံပုံနှစ်ကျေးရွာနေ အလှူရှင် ဒေါ်သိန်းညွန့်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းဝေတို့က သွေးလှူရှင်များအား ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုမှတ်တမ်းလွှာ၊ အထိမ်းအမှတ် တီရှပ်အင်္ကျီနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ရာ အလှူရှင်များက လက်ခံယူပြီး အမျိုးသားသွေးလှူဘဏ်ခွဲ ကျောက်ဆည်မြို့တွင် သွေးလှူရှင်များက သွေးလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၄၀၈)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ယင်းမာပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

ယင်းမာပင် ဇွန် ၂၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဝင်းဘုန်းကျေးရွာမှ မီးဘေးသင့် ပြည်သူ ၂၅၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်ပေးအပ်ပွဲကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၅ ကတ် ပေးအပ်သဖြင့် မီးဘေးသင့်ပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်အောင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ) (မြို့နယ်လဝက)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ဒဗလျူဘီစီ၏ စထရောဝိတ်ချန်ပီယံခါးပတ်လုပွဲ အီအိုကာက စိန်ခေါ်သူ ယာအီဂါရှီအား အနိုင်ထိုးသတ်

အိုဆာကာ ဇွန် ၂၂

ကမ္ဘာ့လက်ဝှေ့ကောင်စီ(ဒဗလျူဘီစီ)၏ စထရောဝိတ်ချန်ပီယံထိုးသတ်ပွဲအဖြစ် လက်ရှိချန်ပီယံ ကာဇူတိုအီအိုကာနှင့် စိန်ခေါ်သူကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အငယ်တန်းချန်ပီယံ အကီရာယာအီဂါရှီတို့ ဇွန် ၂၀ ရက်က ဂျပန်နိုင်ငံအိုဆာကာမြို့၌ ယှဉ်ပြိုင်ထိုးသတ်ရာ အီအိုကာက အမှတ်ပြည့်ဖြင့် အနိုင်ရရှိခဲ့သည်။

လက်ရှိချန်ပီယံ ကာဇူတိုအီအိုကာသည် ယခုပွဲ၌ စိန်ခေါ်သူအီဂါရှီအား ညာဖြတ်လက်သီးများ၊ ညာဝိုက်လက်သီးတွဲများဖြင့် ထိမှန်ချက်ပြင်းပြင်းထိုးသတ်နိုင်ခဲ့သည်။ သို့သော် အီဂါရှီကလည်း အီအိုကာ၏မျက်နှာပေါ်သို့ ဘယ်ထောက်လက်သီးများဖြင့် ထိမှန်အောင်ထိုးသတ်ခဲ့သည်။

ပထမလေးချီတွင် နှစ်ဦးစလုံး **(အပေါ်ပုံ)**အား အကဲဖြတ်ဒိုင်များက ၃၈-၃၈၊ ၃၈-၃၈၊ ၃၈-၃၈၊ ၃၈-၃၈ဖြင့် အမှတ်ပေးခဲ့ကြသည်။ သို့သော် နောက်ပိုင်းပွဲချီများ၌ အီအိုကာ၏ထိုးချက်များက အီဂါရှီမျက်နှာပေါ် ထိမှန်ခဲ့ရာ အီဂါရှီ၏နှာခေါင်းမှ သွေးများကျဆင်းခဲ့သည်။ ပွဲအပြီးတွင် အမေရိကန်အကဲဖြတ်ဒိုင်လူကြီးက အီအိုကာအား ၁၁၅-၁၁၄ မှတ်ပေးခဲ့ပြီး ဂျပန်နှင့်ထိုင်းဒိုင်လူကြီးများက ၁၁၅-၁၁၃မှတ်ဖြင့် အနိုင်ပေးခဲ့ကြသည်။ အသက် ၂၃ နှစ်အရွယ်ရှိ အီအိုကာသည် စထရောဝိတ်ချန်ပီယံခါးပတ်ကို သုံးကြိမ်မြောက်ကာကွယ်နိုင်ခဲ့ရာ နောက်ထပ်စိန်ခေါ်ပွဲများတွင် အနိုင်ရရှိအောင် ထိုးသတ်သွားမည်ဟု ၎င်းက ပြောကြားသည်။ ယခုပွဲအနိုင်ရရှိသဖြင့် အီအိုကာသည် လက်ဝှေ့ပွဲ ၁၀ ပွဲထိုးသတ်ခဲ့ရာ ၁၀ ပွဲစလုံးအနိုင်ရရှိထားပြီး ခြောက်ပွဲမှာ အလဲထိုးပွဲများဖြစ်သည်။ ယာအီဂါရှီမှာ စုစုပေါင်း ၁၅ ပွဲထိုးသတ်ခဲ့ရာ ၁၄ ပွဲနိုင် တစ်ပွဲရှုံးရလဒ်ရရှိထားသူဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမားများ

နယူးယောက် ဇွန် ၂၂

ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမားများစာရင်းကို ဖောဘတ်စ်မဂ္ဂဇင်းက စာရင်းပြုစုပြီး ဇွန် ၂၀ ရက်တွင် ထုတ်ပြန်ဖော်ပြလိုက်ရာ အမေရိကန်လက်ဝှေ့သမား မေဝဲလ်သာက အမေရိကန်ဒေါ်လာ ၈၅ သန်းဖြင့် ထိပ်ဆုံးနေရာ၌ ရပ်တည်နေခဲ့သည်။

